ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့၊ (7-1-2005) (၄၄၇၁)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာ့နိုင်ငံအကြီးအကဲများ သဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ဘင်္ဂလားဒေ့ရှ်

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ချိန်ခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ **စာမျက်နှာ ၉ ကော်လံ ၇ သို့** ☆

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်သို့ သွားရောက်၍ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် ညနေ ၄နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ငှက်သိုက်ကျေးရွာအနီး ရန်ကုန်–ပုသိမ်လမ်းမကြီးဘေးရှိ တောင်သူဦးချစ်စိန်၏လယ်မြေသို့ ရောက်ရှိလာပြီး လယ်မြေအတွင်း နွေစပါးပန်းတိုင်

အထွက်နှုန်းရရှိစေရေးသဘာဝနှင့် ဓာတ်မြေဩဇာ ရောနှောကြဲပက်နေမှု၊ လယ်မြေ ၂၅ဧကအတွင်း လုံးသွယ်မွှေး၊မော်ဘီဆန်း စသည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့် စပါးမျိုးများ စိုက်ပျိုးဖြစ်ထွန်းနေမှု၊ ဒီဇယ်ဆီသုံးရေစုပ်စက်ဖြင့် ရေတင်၍ လယ်မြေအတွင်း စိုက်ပျိုးရေလုံလောက်စွာရရှိစေရေး ရေပေးဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယ တိုင်းမန်နေဂျာ ဦးဝင်းမြင့်၊ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး မြတ်မင်းနှင့် တာဝန်ရှိသူများက ရန်ကုန် မြောက်ပိုင်းခရိုင်အတွင်း **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်ရှိ ကျွန်းငူလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားများ ပြည်နယ်နှင့်တိုင်းအသီးသီး၌စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇နာရီခွဲတွင် မြိတ်မြို့ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်သည်။

အစီအစဉ်အရ တက်ရောက်လာကြသူများသည် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် တပ်မတော်သားများအား အလေးပြုခြင်းနှင့် သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်းများကို စစ်ရေးပြအစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်က ဖတ်ကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ကျင်းပသည့် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

စစ်ကိုင်းတိုင်း အင်းတော်မြို့ရှိ မဲဇာဆရာတော် ဘဒ္ဒန္တကုမာရထံမှ လက်ခံရရှိသော ကျောက်ခေတ်နှင့် ကြေးခေတ်လက်ရာ ရှေးဟောင်းပစ္စည်းများကို တွေ့ရစဉ်။ (ယဉ်ကျေးမှု)

ကျောက်ခေတ်နှင့် ကြေးခေတ်လက်ရာ ရှေးဟောင်းပစ္စည်းများ လာရောက်အပ်နှံ

ရန်ကုန် ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်း အင်းတော်မြို့နယ်မှ မဲဇာဆရာတော် ဘဒ္ဒန္တ ကုမာရသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၇-၁-၂၀၀၅
(သောကြာနေ့)

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားရေးဦးတည် တိုင်းရင်းသားအားလုံး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် နိုင်ငံဖြစ်သည်။ နိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးများသည် ရှေးနှစ်ပေါင်းများစွာကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြလျက် ရင်းနှီးချစ်ကြည်စွာ အတူတကွ ပေါင်းစည်းနေထိုင်လာခဲ့ကြသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးတို့သည် မြန်မာနိုင်ငံအား ကျူးကျော်လာသူနယ်ချဲ့နှင့် ဖက်ဆစ်များကို ခုခံတွန်းလှန်တိုက်ခိုက်ရာတွင် တညီတညွတ်တည်း လက်တွဲပါဝင်ဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာရှိသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် အသက်သွေးချွေးများဖြင့် ရင်းနှီး၍ ကြိုးပမ်းဆောင်ရွက်ခဲ့သော အတိတ်သမိုင်းရှိခဲ့သည်။

ထို့ကြောင့် တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည့် အစဉ်အလာကောင်းကို ဖော်ညွှန်းလျက် ပြည်ထောင်စုနေ့ အခမ်းအနားများကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ အထူးသဖြင့် တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေးကို ဦးတည်၍ ပြည်ထောင်စုနေ့အခမ်းအနားများကို နိုင်ငံရေးအနှစ်သာရရှိရှိဖြင့် နှစ်စဉ်ကျင်းပနေခြင်းဖြစ်သည်။

၂၀၀၅ ခုနှစ် (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၅ ရက်နေ့က ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ကျင်းပရာ (၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးမှာကြားရာတွင် **အခြေအနေအချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့ ပိုမိုရင့်သန်ခိုင်မာသည်ထက် ခိုင်မာစေရအောင် ပြည်ထောင်စုနေ့ထူးနေ့မြတ်ကြီး ပေါ်ထွန်းလာခဲ့သည့် အစဉ်အလာကောင်း၊ အခြေခံကောင်းများကို ပီပီပြင်ပြင် ဖော်ထုတ်မြှင့်တင်ပြီး ပြည်ထောင်စုနေ့ အခမ်းအနားကြီးကို နိုင်ငံရေးအနှစ်သာရရှိရှိ အမျိုးသားရေးအမြဲပွဲသဘ်ပြည့်ပြည့်ဝဝဖြင့် အောင်မြင်ခမ်းနားစွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန်** ပြောကြားခဲ့သည်။

ယနေ့အချိန်အခါသည် အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ထည်စွာဖြင့် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တစ်မျိုးသားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်းဆောင်ရွက်နေသည့် အချိန်ကာလဖြစ်သည်။

နိုင်ငံတော်အစိုးရက နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားရေးမူဝါဒနှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်ကာ တိုင်းရင်းသားပြည်သူတို့၏ စွမ်းပကားဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် လမ်း၊ တံတား၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လျှပ်စစ်စွမ်းအား၊ ဆက်သွယ်ရေး၊ သတ္တုရှာဖွေရေးစသည့် ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအခြေခံ အဆောက်အအုံများစွာကို တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိသည်။

ယခုအခါ တိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန် သည်းခံခွင့်လွှတ်မှုတို့ကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်ခိုင်မာမာရရှိနေပြီဖြစ်ရာ နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်တစ်နံတစ်လျား၌ ငြိမ်းချမ်းသာယာခြင်း၏ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ ဒေသခံတိုင်းရင်းသားပြည်သူများသည် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူအားလုံးတို့က စည်းလုံးညီညွတ်မှု၏ အစဉ်အလာကောင်းများနှင့်အညီ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် အဓွန့်ရှည်တည်တံ့ ခိုင်မြဲရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးတို့အတွက် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် လက်တွဲကြိုးပမ်း စွမ်းဆောင်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမိန့်ဩဝါဒ

"လွတ်လပ်ရေးထက် တန်ဖိုးအနဂ္ဃထိုက်တန်ကြီးမြင့်သောအရာသည်မရှိ၊ ကမ္ဘာတည်သရွေ့ မြန်မာ့လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် မျိုးချစ်စိတ်ထက်သန်သည့် မိမိတို့တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်တို့ဖြင့် ထိန်းသိမ်းစောင့်ရှောက်ကြပါစို့"

ဘဏ္ဍာ/ အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ရှမ်းပြည်နယ်တွင် လုပ်ငန်းများစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၆

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် မြန်မာ့စီးပွားရေးဘဏ်ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်းနှင့် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းတို့ လိုက်ပါလျက် ဇန်နဝါရီ ၃ရက်တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့သို့ရောက်ရှိပြီး ကျိုင်းတုံခန်းမ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံပွဲကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ဒေသဖွံ့ဖြိုးရေးအတွက်အရေးပါသည့်ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရင်း ဒေသခံများအပေါ် ရိုးဖြောင့်မှန်ကန်စွာ အလုပ်အကျွေးပြုကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်တွင်းအခွန်များဦးစီးဌာန မြန်မာ့စီးပွားရေးဘဏ် အကောက်ခွန်ဦးစီးဌာနနှင့် မြန်မာ့အာမခံလုပ်ငန်းတို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်တာဝန်ခံများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ်လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ဝန်ကြီးဗိုလ်ချုပ်လှထွန်းက ကုန်သွယ်မှုလုပ်ငန်းများ မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများကို ထိရောက်ထက်မြက်စွာ ဆောင်ရွက်ရေး၊ မိမိတာဝန်ကျရာဒေသ၌ ရိုးသားဖြောင့်မတ်တာဝန်သိစွာဖြင့် အလုပ်အကျွေးပြုရေး၊ အရည်အချင်းပြည့်ဝသည့်ဝန်ထမ်းကောင်းများအဖြစ် အစဉ်ရပ်တည်နိုင်အောင် ကြိုးပမ်းကြရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည်ကျိုင်းတုံမြို့နယ်အတွင်းရှိပြည်တွင်းအခွန်များဦးစီးဌာန မြန်မာ့စီးပွားရေးဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ဇန်နဝါရီ၄ရက် နံနက် ၉နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ ဝန်ထမ်းများတွေ့ဆုံပွဲကို ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ညွှန်ကြားရေးမှူးများနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့် က ဘဏ္ဍာရေးနှင့်ငွေကြေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ဌာနအလိုက် တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက ဌာနအလိုက်လုပ်ငန်းဆောင်ရွက်မှု အခြေအနေ တင်ပြချက်များအပေါ် ဘဏ္ဍာရေးနှင့် ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ်မှန်ကန်မှုနှင့် တာဝန်သိရှိမှုတို့က အရေးကြီးဆုံးဖြစ်ကြောင်း၊ ဌာနရှိ ဝန်ထမ်းများ အရည်အသွေးပြည့်ဝစွာဖြင့် လုပ်ငန်းလျာထားချက်များ ပြည့်ဝမှန်ကန်စွာ ရရှိရေးအတွက် ပြည်နယ်ဦးစီးမှူးများက ဦးဆောင်ကြိုးပမ်းကြရန် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် တောင်ကြီးမြို့နယ်အတွင်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြန်မာ့စီးပွားရေးဘဏ်၊ အကောက်ခွန်ဦးစီးဌာန၊မြန်မာ့အာမခံလုပ်ငန်းနှင့် မြန်မာ့အသေးစားချေးငွေလုပ်ငန်းဌာနများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

လွတ်လပ်ရေးနေ့အမိန့်ဩဝါဒ

* နှစ်ငါးဆယ် ခုနစ်နှစ်စွန်းပြီကွယ့်
ရည်ညွှန်းကာ ကဗျာသီရေးလိုက်ပါရဲ့
မြန်မာပြည်အရေး အနာဂတ်လမ်းကိုတော့
ဖြောင့်တန်းစွာသွားကြပါစို့
အများပြည်သူရဲ့
တူညီတဲ့ တောင်းဆိုသံ။

* မူဝါဒလမ်းစဉ်ခုနစ်ရပ်နဲ့
မွန်မြတ်တဲ့ အမျိုးသားရေးပါပဲ
နိုးကြားတဲ့ အတွေးအခေါ်က
အရေးတော်ပုံ အခါကြုံပြန်ပေါ့
ကမ္ဘာတုန်အောင်ဆင်နွှဲကြပါစို့
အစဉ်အမြဲညီညွတ်တဲ့ တိုင်းရင်းသားတွေရဲ့
ရိုင်းပင်းတဲ့ အားမာန်။

* ပြန်တွေးကြည့်လျှင်တော့
ယမန်ရှေးယခင်
ပုဂံ–တောင်ငူ–ကုန်းဘောင်ခေတ်တွေက
ထုံးနှောင်ရစ်တဲ့ ညီညွတ်ရေးအခိုင်အမာနဲ့
နိုင်ငံတကာနဲ့ တန်းတူအမှန်
အားမာန်တွေက ဝင့်ဝင့်ကြွား။

* မြင့်မားစွာအောင်လံထူကြပါစို့
တူမျှတဲ့အခွင့်အလမ်းကိုယ်စီရှိစေမယ့်
အမိမြေအေးချမ်းစွာ တစ်ခေတ်ရောက်စေဖို့
မဖောက်ပြန် လမ်းမှန် မသွေဖည်ဘဲ
ဒီမိုကရေစီ စည်းကမ်းအပြည့်အဝနဲ့
(ကျုပ်တို့ကတော့) နည်းလမ်းတကျခံစား။ ။

ကေတုနီလာ

ဝိနယာဓိကပရိယတ္တိ သာသနာပြုစာမေးပွဲ

ရန်ကုန် ဇန်နဝါရီ ၆

အင်းစိန်မြို့နယ်လုံးဆိုင်ရာ နာယက ဆရာတော်ကြီးများ ကြီးမှူးကျင်းပသော အကြိမ်(၅၀)မြောက် ဝိနယာဓိက ပရိယတ္တိသာသနာပြု စာမေးပွဲကို ဖေဖော်ဝါရီ ၅ ရက်(စနေနေ့)မှ စတင်၍ ခုနစ်ရက်တိုင် ကျင်းပသွားမည်ဖြစ်သည်။

အင်းစိန်မြို့နယ်အတွင်းရှိ ဝင်ရောက်ဖြေဆိုလိုသော စာဖြေသံဃာတော်များနှင့်သီလရှင်များ ဝင်ခွင့်တောင်းခံလွှာပုံစံများကို ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်တွင် တင်သွင်းနိုင်ကြောင်း သိရသည်။ (က–ပ)

မဟုတ်မမှန်စွပ်စွဲမှုများကို အမှန်တရားဖြင့်ချေဖျက် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့နံနက် ၉နာရီတွင် တနင်္သာရီတိုင်း မြိတ်မြို့ အားကစားခန်းမ၌ ကျင်းပရာ အမျိုးသမီးရေးရာအဖွဲ့ဝင် ၁၂၀၀ကျော်တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

တွေ့ဆုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သည်မှာ တစ်နှစ်တာကာလပြည့်မြောက်ခဲ့ပြီဖြစ်၍ လုပ်ငန်းအကောင်အထည်ဖော်မှု အခြေအနေ အရပ်ရပ်နှင့် အားနည်းချက်၊ အားသာချက်များကို လေ့လာနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ အဖွဲ့ချုပ်ကို ဖွဲ့စည်းခဲ့သည့် ရည်ရွယ်ချက် ခုနစ်ရပ်အတိုင်း ဆက်လက်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခြေခံမှုများဖြစ်သော အမျိုးသားရေးဆိုင်ရာ အခြေခံမှု၊ တိုင်းရင်းသားရေးရာဆိုင်ရာ အခြေခံမှု၊ ဘာသာရေးဆိုင်ရာ အခြေခံမှု၊ လူမှုရေးဆိုင်ရာ အခြေခံမှုနှင့် အမျိုးသမီးရေးရာ အခြေခံမှုများကို စနစ်တကျ အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး အစွန့်ရှည်ကြာစွာတည်တံ့ခိုင်မြဲရေးအတွက် ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုအင်အား တည်ဆောက်ရာတွင် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ ရှင်သန်ဖြစ်ထွန်းလာအောင် အားပေးကူညီလျက်ရှိကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်၊ ကြက်ခြေနီနှင့် စစ်မှုထမ်းဟောင်း စသည့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များက အရှိန်အဟုန်ဖြင့် ပါဝင်ဆောင်ရွက်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့်လည်း အမျိုးသမီးများ အကြမ်းဖက်မခံရရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ အမျိုးသမီးများ၏ လူနေမှုဘဝမြင့်တင်ရေး လုပ်ငန်းများတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ပေးနေကြောင်း။

အမှန်တရားဖြင့်ချေဖျက်

နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးဦးထိပ်ထားပြီး ဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နေ့မအားညမနား ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများက တပ်မတော်ဂုဏ်သိက္ခာကျအောင်၊ တပ်မတော်နှင့် ပြည်သူများသွေးကွဲအောင် နည်းမျိုးစုံဖြင့် မဟုတ်မမှန် စွပ်စွဲမှုများအပေါ်၌ မိမိတို့အဖွဲ့ဝင်များအနေဖြင့် အမှန်တရားကို သိမြင်ကြရန်လိုအပ်ကြောင်း၊ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ ဦးတည်ချက်၊ နိုင်ငံတကာ အခြေအနေ၊ လက်ရှိဖြစ်ထွန်းတိုးတက်နေမှု ပကတိအခြေအနေမှန်များအပေါ် သိမြင်ခြင်းဖြင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် နိုးကြားတက်ကြွလာမည်ဖြစ်ကြောင်း၊ မဟုတ်မမှန်စွပ်စွဲမှုများကို အမှန်တရားဖြင့်ချေဖျက်ပြီး နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ အရန်မီးသတ်နှင့် ကြက်ခြေနီ စသည့် လူမှုရေးအသင်းအဖွဲ့များနှင့်လက်တွဲ၍ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင်ပါဝင်ပြီး နိုင်ငံတော်၏ စွမ်းအားစုတစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လူမှောင်ခိုမှုနှင့် လူကုန်ကူးခြင်းဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခဒေါက်တာဒေါ်ခင်မာထွန်းက အမျိုးသမီးများ၏ လူနေမှုဘဝမြင့်တင်ရေးကိစ္စကိုလည်းကောင်း၊ စည်းရုံးရေးဌာနကြီး ဒုတိယခေါင်းဆောင် တရားရုံးချုပ် ပြစ်မှုတရားစီရင်ရေးဌာန တွဲဖက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသိန်းညွှန့်က အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း အသီးသီးဆွေးနွေးကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အခမ်းအနားကို ခေတ္တရပ်နားပြီး တက်ရောက်လာသူများက ကိုယ်စားပြုအဖွဲ့ဝင် ၃၀စီ ပါဝင်သော စားပွဲဝိုင်း အဖွဲ့ခြောက်ဖွဲ့ခွဲ၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကွင်းဆင်းလေ့လာရေး အဖွဲ့ဝင်များနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆွေးနွေးမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ကွင်းဆင်းလေ့လာရေးအဖွဲ့သည် ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်ရှိ ပိသာ၌ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင်များ၊ ခရိုင်နှင့် မြို့နယ်များမှ အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ စည်းရုံးရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

(သတင်းစဉ်)

တိပိဋကဓရဆရာတော် တရားဓမ္မဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ၁၆/၂ ရပ်ကွက်ရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၏ ပဓာန နာယကဆရာတော် အရှင်သုန္ဒရ(တိပိဋကဓရ၊ တိပိဋကကောဝိဒ)သည် ဇန်နဝါရီ ၇ရက်၌ မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့် သတ္တမဇမ္ဗူဟာဓမ္မာရုံ၌လည်းကောင်း၊ ဇန်နဝါရီ ၈ရက်တွင် တောင်ဥက္ကလာပမြို့နယ် (၁၂)ရပ်ကွက်၌လည်းကောင်း၊ ဇန်နဝါရီ ၉ရက်တွင် တောင်ဒဂုံ(၇၁)ရပ်ကွက်၌လည်းကောင်း၊ ဇန်နဝါရီ ၁၀ရက်တွင် စွန်းလွန်းဂူကျောင်း ဓမ္မာရုံတွင်လည်းကောင်း၊ ဇန်နဝါရီ ၁၂ရက်တွင် ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် ဗျာဒိတ်ပေးကိုယ်တော်ကြီး ယာယီစံကျောင်းမဏ္ဍပ်၌လည်းကောင်း၊ ဇန်နဝါရီ ၁၃ရက်နှင့် ၁၄ရက်တို့တွင် ပခုက္ကူမြို့၌လည်းကောင်း၊ ဇန်နဝါရီ ၁၅ရက်တွင် မြိုင်မြို့နယ် မန်ကျီးစုရွာ၌လည်းကောင်း၊ ဇန်နဝါရီ ၁၆ရက်နှင့် ၁၇ရက်တို့တွင် မြိုင်မြို့နယ် ကျောက်တိုင်ရွာ၌လည်းကောင်း တရားဓမ္မ ချီးမြှင့်တော်မူမည်ဟုသိရသည်။ (က-ပ)

ရှင်သာမဏေဓမ္မဗိမာန် တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၆

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထဝိပဿနာ တရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးသန်းရွှေ(ဒလ-အံ့ကြီး)နှင့် အဖွဲ့က ရွှေတိဂုံဘုရားအရှေ့ဘက် စောင်းတန်းအနီး အာဇာနည်လမ်းရှိ ရှင်သာမဏေ ဓမ္မဗိမာန်တွင် ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ညနေ ၅ နာရီမှ ၆နာရီခွဲအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။

(က-ပ)

တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်သည် ကစားဖော်များဖြစ်ကြသော ဦးစိုးဝင်း၊ ဦးကျော်ဇင်၊ ဦးလှသိန်းနှင့် ဦးမြင့်စိုးတို့နှင့်အတူ ဇန်နဝါရီ ၂ရက် ညနေပိုင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း(ငွေသော်တာကွင်း)၌ ဂေါက်သီးရိုက်ကစားစဉ် EV-03ဘောလုံးကို Callaway Wood-7တုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ကိုက်အကွာအဝေးရှိ ကျင်းအမှတ်(၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။ (သတင်းစဉ်)

သစ်လုပ်ငန်းရှင်များအစည်းအဝေး တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၆

အင်ဒိုနီးရှားနိုင်ငံ Yogyakartaမြို့၌ ဇန်နဝါရီ ၅ရက်မှ ၈ရက်အထိကျင်းပမည့် ASEAN Furniture Industries Council Conferenceအစည်းအဝေးသို့ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအောင်လွင်၊ အတွင်းရေးမှူး ဦးအေးလွင်တို့ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၄ရက် ညနေတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အင်ဒိုနီးရှားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **အဘိဓမ္မာဥဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတွက်စားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၇။ ဘော်ဘင်ရေလှောင်တမံ
၈:၃၀ ၈။ International News.
၈:၄၅ ၉။ English for Everyday Use.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၃၀ ၇။ လက်ဆင့်ကမ်းပေးဂီတတေး
၅:၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၅:၅၀ ၉။ ဂီတမဟာပျော်စရာ
၆:၀၀ ၁၀။ "စက်မှုတပ်ဆင်လုပ်ငန်းတွင်" (အကယ်ဒမီ-ခင်ဝိုင်း၊ အကယ်ဒမီ-မင်းမော်ကွန်း၊ အကယ်ဒမီ-မိုးမိုးမြင့်အောင်) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၆:၁၀ ၁၁။ Discovery.
၆:၁၅ ၁၂။ နှောင်းခေတ်တေးပဒေသာ
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ လူချွန်လူကောင်း (အပိုင်း-၄၄)**
၇:၃၅ ၁၆။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှုတို့ရေးရှု "ရွှေရောင်လွှမ်းသည့်မြန်မာ့အားကစား" (အပိုင်း-၂)
၈:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **မြန်မာရုပ်ရှင် "ငါ သူတစ်ပါး ယောကျ်ားမိန်းမ" (အပိုင်း-၂) (ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မင်္ဂလာဒုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ၊ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က ကျင်းပရာ မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ရီ ဆုချီးမြှင့်စဉ်။ (က-ပ)

အီရတ်ရေနံပိုက်လိုင်းများ ဖျက်ဆီးတိုက်ခိုက်ခံရမှု ဝင်ငွေ ဒေါ်လာ၇ရှစ်ဘီလီယံ ဆုံးရှုံးခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၅

အီရတ်ပြောက်ကျားများက အီရတ်နိုင်ငံ၏ ရေနံထုတ်လုပ်မှုဆိုင်ရာ အဆောက်အအုံများအား တိုက်ခိုက်မှုကြောင့် အီရတ်နိုင်ငံအနေဖြင့် ၂၀၀၃ ခုနှစ် မတ်လနောက်ပိုင်းကာလတွင် ပြည်ပတင်ပို့သည့် ရေနံမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံဆုံးရှုံးနစ်နာခဲ့ရကြောင်းဖြင့် ရေနံဝန်ကြီး သာမာဂက်ဘန်းက တနင်္လာနေ့က ပြောကြားသည်။

အီရတ်နိုင်ငံ၏ ရေနံအခြေခံ အဆောက်အအုံများကို မီးကုန်ယမ်းကုန် တိုက်ခိုက်ဖျက်ဆီးမှုရှိနေသည်ဟု အီရတ်ပြည်သူလူထုအား ပြောကြားလိုကြောင်း စသည်ဖြင့် ဂက်ဘန်းက ဘဂ္ဂဒက်မြို့တော်ရှိ ဒိုရာရေနံချက်စက်ရုံသို့ သွားရောက် ကြည့်ရှုစဉ်က သတင်းထောက်များအား ပြောကြားသည်။

မသမာသူများ၏ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ရေနံထုတ်လုပ်မှုတွင် ခန့်မှန်းခြေအားဖြင့်နိုင်ငံခြားငွေ ၈ ဘီလီယံ နစ်နာခဲ့ကြောင်း ဂက်ဘန်းက ပြောကြားသည်။

၁ ဒသမ ၈ သန်း

အီရတ်တောင်ပိုင်းဒေသတွင် ပြည်ပသို့ ရေနံပို့မှု ကန့်သတ်ထားရကြောင်း၊ မြောက်ပိုင်းဒေသတွင် ပြည်ပသို့ တင်ပို့မှု မရှိတော့ကြောင်း၊ ပြည်ပသို့ ရေနံတင်ပို့မှုသည် ဘာဆာရာရှိ သိုလှောင်ကန်များမှတစ်ဆင့်တင်ပို့နေရခြင်းဖြစ်ပြီး ပျမ်းမျှအားဖြင့် နေ့စဉ်ပီပါ ၁ ဒသမ ၈ သန်းဖြစ်ကြောင်း ဂက်ဘန်းက ဆက်လက်ပြောကြားသည်။

တင်ပို့ပေး

ဒိုရာရေနံချက်စက်ရုံက ဘဂ္ဂဒက်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ပေးပို့နေခြင်းဖြစ်သည်။ ယင်းစက်ရုံမှ ဘဂ္ဂဒက်မြို့တော်နှင့် ဝေးလံခေါင်သီသည့် ဒေသများသို့ လျှပ်စစ်ဓာတ်အား တင်ပို့ပေးနေခြင်းဖြစ်သည်။

အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကယ်ကွတ်မြို့မှ ဘိုင်ဂျီရေနံချက်စက်ရုံသို့ သွယ်တန်းထားသည့် ရေနံပိုက်လိုင်း များကို မသမာသူများက ရက်သတ္တပတ်ရက်အားတွင် ဆက်လက်တိုက်ခိုက်လျက်ရှိနေကြောင်း ဂက်ဘန်းက ထပ်လောင်းပြောကြားသည်။

ဘဂ္ဂဒက်တောင်ပိုင်းရှိ မူဆာယက်ဓာတ်အားပေးစက်ရုံလည်း တိုက်ခိုက်ခံရကြောင်း ၎င်းကပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်နိုင်ငံတွင် ခုခံရေးသမားများက ဘက်ပေါင်းစုံမှတိုက်ခိုက်လျက်ရှိရာ ဘဂ္ဂဒက်တောင်ပိုင်းရှိ ဒိုရာရေနံချက်စက်ရုံ ပျက်စီးနေသည်ကို ဇန်နဝါရီ ၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပင်လယ်ထွက် အစားအစာပို့ကုန်မှ ဗီယက်နမ်နိုင်ငံ ဝင်ငွေတိုး

ဟနွိုင်း ဇန်နဝါရီ ၃

ဗီယက်နမ်နိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် ပင်လယ်ထွက်အစားအစာ ပြည်ပတင်ပို့ ရောင်းချမှုမှ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ ဝင်ငွေရရှိရာ ယင်းမှာ ၂၀၀၃ ခုနှစ်ကထက် ၆ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် အမေရိကန်သို့ ပင်လယ်ထွက်အစားအစာတင်ပို့နိုင်မှု ကျဆင်းခဲ့သော်လည်း ဥရောပသမဂ္ဂ(အီးယူ)နှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့မှုမှာမူ ၈၉ ဒသမ ၇ ရာခိုင်နှုန်းနှင့် ၃၀ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးတိုးတက်လာကြောင်း၊ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ဒေသပေါင်း ၈၀ သို့ ပင်လယ်ထွက် အစားအစာများကို တင်ပို့ရောင်းချလျက်ရှိပြီး အမေရိကန်၊ ဂျပန်၊ ဥရောပသမဂ္ဂနှင့် တရုတ်နိုင်ငံတို့သည် ဗီယက်နမ်နိုင်ငံအတွက် အကြီးဆုံးဈေးကွက်များဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပင်လယ်ထွက်အစားအစာကုန်ချော ထုတ်လုပ်ရေး ကုမ္ပဏီ ၃၉၅ ခုရှိသည့် ဗီယက်နမ်နိုင်ငံသည် လွန်ခဲ့သည့် နှစ်နှစ်တာကာလတွင် ပင်လယ်ထွက်စားသောက်ကုန် ထုတ်လုပ်ရေးလုပ်ငန်းအတွက် ဗီယက်နမ် ဒေါင် ၁ ဒသမ ၅ ထရီလီယံ (အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၅ သန်း) ရင်းနှီးမြှုပ်နှံခဲ့သည်။

မြင့်တက်လာ

ဗီယက်နမ်နိုင်ငံသည် ၂၀၀၄ ခုနှစ်တွင်ပင်လယ်ထွက်အစားအစာ တန်ချိန် ၃ ဒသမ ၁သန်းအထိစံချိန်တင် ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ယင်းမှာနှစ်အလိုက်နှိုင်းယှဉ်ချက်အရ ၇ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်လာခြင်း ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်အရပ်သားတစ်ဦး ရေထဲတွန်းချသတ်ဖြတ်မှုဖြင့် အမေရိကန်တပ်ကြပ်ကြီးကို ခုံရုံးတွင် စစ်ဆေး

ဖို့ဝုဒ်(တက္ကဆက်) ဇန်နဝါရီ ၅

အီရတ်အရပ်သားတစ်ဦးအား တံတားတစ်ခုပေါ်မှ တိုက်ဂရစ်မြစ်ထဲတွန်းချသတ်ဖြတ်ခဲ့မှုဖြင့် စွပ်စွဲခံထားရသည့် အမေရိကန်ကြည်းတပ်မှ တပ်ကြပ်ကြီး ထရေစီပါကင်၏ဘက်မှ လိုက်ပါဆောင်ရွက်သော ရှေ့နေများက အဆိုပါအရပ်သား သေဆုံးမှုမရှိကြောင်း၊ ထို့ကြောင့် လူသတ်မှုမဟုတ်ကြောင်းဖြင့် အင်္ဂါနေ့က စောဒကတက် ပြောကြားခဲ့သည်။

စွဲချက်များ

ထရေစီပါကင်သည် လူသေစေမှု၊ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှုနှင့် တရားဥပဒေကို အဟန့်အတားပြုခဲ့မှု စွဲချက်များဖြင့် ထောင်ဒဏ် ၂၉ နှစ် ကျခံရမည့်အခြေအနေသို့ ရောက်ရှိနေသည်။

အစိုးရရှေ့နေများက လူသတ်မှု ကျူးလွန်ကြောင်း သက်သေမပြနိုင်ကြောင်း၊ ရာဇဝတ်မှုလောက် ကြီးမားခြင်းမရှိကြောင်း၊ လူသေဆုံးမှုမရှိခဲ့ကြောင်း ထရေစီပါကင်၏ ရှေ့နေ ဗိုလ်ကြီးသောမတ်စ်ဟာလေက အမှုစတင်စစ်ဆေးစဉ် ပြောကြားခဲ့သည်။

ရေနစ်ခဲ့

ထရေစီပါကင် ဦးဆောင်သည့် လှည့်ကင်းသည် အသက် ၁၉ နှစ်အရွယ်ရှိ ဇိုင်ဒွန်ဟာဆွန်နှင့် အခြား လူတစ်ဦးတို့အား တံတားတစ်ခုပေါ်မှ ရေထဲတွန်းချခဲ့ရာ ဟာဆွန်ရေနစ်ခဲ့သည်ဟု အစိုးရရှေ့နေများက ပြောကြားသည်။

အစိုးရရှေ့နေ ဗိုလ်ကြီးတွမ်ရှစ်ဖာက ဇိုင်ဒွန်ဟာဆွန် မသေဆုံးခဲ့ကြောင်း ပြောကြားခဲ့သည်။

သဘောကွဲလွဲ

အစိုးရရှေ့နေများနှင့် တရားခံ၏ ရှေ့နေများက ဟာဆွန်သေဆုံးမှု ရှိ၊ မရှိနှင့် ပတ်သက်၍ သဘောထားကွဲလွဲနေကြစဉ် အခြားအသက်မသေဘဲ ကျန်ရစ်သူတစ်ဦးက လှည့်ကင်းနှင့်တွေ့ခဲ့ကြောင်း ပြောကြားသည်။

ပြောကြားခဲ့

အသက်မသေဘဲ ကျန်ရစ်ခဲ့သူ အီရတ်အရပ်သားတစ်ဦးက ၎င်းတို့နှစ်ဦးအား ရေထဲသို့တွန်းချခဲ့သည်ဟု မိမိအား ပြောကြားခဲ့ကြောင်းဖြင့် ရှစ်ဖာ၏ မျက်မြင်သက်သေ ကြည်းတပ်မှ စစ်ဆေးရေးမှူး စင်ထရွန် က ပြောကြားသည်။

ဝန်ခံ

ဟာဆွန်၏မိသားစုက ဟာဆွန်အား မြေမြှုပ်သင်္ဂြိုဟ်ခဲ့သည်ဟု ပြောကြားပြီးသည့်နောက် ၎င်း၏အလောင်းကို ပြန်လည်ဖော်ယူခြင်းမရှိခဲ့ သို့တည်းမဟုတ် အလောင်းလည်းမရရှိခဲ့ကြောင်း စင်ထရွန်က ၎င်းအားစစ်ဆေးမေးမြန်းရာတွင် ဝန်ခံပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြောက်ပိုင်း ကားဗုံးကွဲ၊ ၁၇ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၃

အီရတ်အမျိုးသား အစောင့်တပ်ဖွဲ့ဝင်များအား သယ်ဆောင်လာသည့် ဘတ်စ်တစ်စီး ဘာလက်မြို့အနီးတွင် ကားဗုံး ပေါက်ကွဲမှုကြောင့် အီရတ် ၁၇ ဦး သေဆုံးသွားပြီး အခြားခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တင်ဆောင်လာ

ပေါက်ကွဲစေသော ပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးက ဘတ်စ်အား တိုက်ခိုက်မှုကြောင့် နံနက် ၈ နာရီတွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အမျိုးသား အစောင့်တပ်ဖွဲ့ဝင် ၁၆ ဦးနှင့် အရပ်သားတစ်ဦးတို့ သေဆုံးခဲ့ပြီး အခြား အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်က ဆက်လက်ပြောကြားသည်။

ပစ်မှတ်ထား

ဇန်နဝါရီ ၃၀ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကို ကမောက်ကမဖြစ်စေရန် ရည်ရွယ်သည့်အနေဖြင့် အီရတ်ပြောက်ကျားများက အမေရိကန် ထောက်ခံအားပေးသည့် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များအား မကြာမီကာလအတွင်း ပစ်မှတ်ထား၍ တိုးမြှင့်တိုက်ခိုက်လျက်ရှိသည်။

ဆွန်နီပါတီအများစုက အဆိုပါ ရွေးကောက်ပွဲကို သပိတ်မှောက်ရန် ဆုံးဖြတ်ထားပြီး အီရတ်တွင် လုံခြုံရေး ကောင်းမွန်ပြီး တည်ငြိမ်မှု ရှိသည်အထိ ရက်ရွှေ့ဆိုင်းရန် တောင်းဆိုကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဇမ်ဘီယာစီးပွားရေးတိုးတက်

လူဆာကာ ဇန်နဝါရီ ၅

ဇမ်ဘီယာနိုင်ငံသည် ၂၀၀၄ ခုနှစ်တွင် စီးပွားရေးကောင်းမွန်ပြီး သိသိသာသာ ဖွံ့ဖြိုးတိုးတက်ခဲ့ရာ ၂၀၀၅ ခုနှစ်တွင်လည်း စီးပွားရေး ပိုမိုခိုင်မာလာမည်ဖြစ်ကြောင်း ဗဟိုစာရင်းရုံးက ဖော်ပြသည်။

စိုက်ပျိုးရေးနှင့် ဆောက်လုပ်ရေးကဏ္ဍများ၏ တိုးတက်မှုသည် စီးပွားရေးတိုးတက်မှုလမ်းကြောင်းပေါ်သို့ တင်ပေးရာတွင် ပဓာနကျသောအခန်းကဏ္ဍမှ ပါဝင်ကြောင်း ဗဟိုစာရင်းရုံးညွှန်ကြားရေးမှူး ဘူလီတီဆီမူကီလာ၏ ပြောကြားချက်ကိုကိုးကားလျက် ပြည်တွင်းမီဒီယာသတင်းများက အင်္ဂါနေ့တွင် ဖော်ပြသည်။ ဇမ်ဘီယာနိုင်ငံ၏ စီးပွားရေးမှာ ၁၉၉၈ခုနှစ်မှ ၂၀၀၃ခုနှစ်ထိ ကာလတွင် တိုးတက်မှုမရှိခဲ့ကြောင်း၊ ၂၀၀၅ ခုနှစ်တွင် စီးပွားရေးအခြေအနေ ပိုမို ကောင်းမွန်လာမည်ဟု မျှော်မှန်းထားကြောင်း၊ ပြည်တွင်းသုံးငွေ ကွာချာမှာလည်း အခြေအနေ ကောင်းမွန်ကြောင်း၊ ငွေကြေးဖောင်းပွမှုနှုန်းကိုလည်း ၂၀ ရာခိုင်နှုန်းအစား ၁၇ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ ထိန်းထားနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်မြို့တော်ဘဂ္ဂဒက်အနောက်ဘက်ရှိ ဖလူးဂျာမြို့ အဆောက်အအုံ အပျက်အစီးများအနီးတွင် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးကို ဇန်နဝါရီ ၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

အာရပ်လွတ်လပ်သောကုန်သွယ်ရေးဇုန်မှ အကျိုးအမြတ်ရရှိမည်ဟု ယူအေအီးမျှော်လင့်

အဘူဒါဘီ ဇန်နဝါရီ ၅

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)သည် အာရပ်လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို အကောင်အထည်ဖော်ခြင်းမှ အကျိုးအမြတ်များ ရရှိမည်ဟုမျှော်လင့်ကြောင်း၊ ယူအေအီးနိုင်ငံသည် အခြားသော အာရပ်နိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများမှတစ်ဆင့် ကူးသန်းရောင်းဝယ်မှု ၅၃ ရာခိုင်နှုန်း တိုးတက်လာမည်ဟု မျှော်လင့်ကြောင်း ခါလက်ဂျ်တိုင်းမ်စ်သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားဖော်ပြသည်။

ယူအေအီးနိုင်ငံသည် အခြားသော အာရပ်နိုင်ငံများ၌ ရင်းနှီးမြှုပ်နှံရာတွင် တွေ့ကြုံနေရသော အတားအဆီးများကို ရှင်းလင်းဖယ်ရှားလာနိုင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်အောက်ရှိ စီးပွားရေးရာများ အတွင်းရေးမှူးချုပ် တာဟာအယ်လ်တေယပ်အိုမီယာက အဆိုပါ သတင်းစာသို့ ပြောကြားသည်။

အကျိုးရရှိ

အာရပ်ကမ္ဘာတွင် ပို့ကုန်များကို ထပ်ဆင့်တင်ပို့သည့် အဓိကနိုင်ငံ ဖြစ်သော ယူအေအီးနိုင်ငံသည် အာရပ်လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် အကောင်အထည်ဖော်ခြင်းမှ အကျိုးရရှိမည် ဖြစ်ကြောင်း၊ ယူအေအီးသည် အခြားသော အာရပ်နိုင်ငံများသို့ ပို့ကုန် တစ်ဆင့်တင်ပို့သည့်လုပ်ငန်း၌ အကောက်အခွန်လွတ်ငြိမ်းမှုအရ နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၅ ဘီလီယံကျော်ကို သက်သာခွင့် ရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ပမာဏကြီးမားလာမည်

ယူအေအီးနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များသည် အာရပ်ကမ္ဘာတွင် ပိုမိုရင်းနှီးမြှုပ်နှံလာနိုင်စေမည့် အခွင့်အလမ်းများကိုလည်း ရရှိမည်ဖြစ်ကြောင်း၊ ယူအေအီးနှင့် အခြားသော အာရပ်နိုင်ငံများအကြား ကုန်သွယ်မှု ပမာဏ ကြီးမားလာမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မျှော်မှန်း

အာရပ်လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်သည် ၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှစ၍ အာဏာသက်ဝင်လာပြီဖြစ်သည်။ ယင်းသဘောတူညီချက်အရ အာရပ်ကမ္ဘာရှိ နိုင်ငံများအတွင်း ကုန်သွယ် ရောင်းဝယ်ရာတွင် အကောက်ခွန် လွတ်ငြိမ်းမှုများ ရရှိခြင်းဖြင့် ဒေသဆိုင်ရာ စီးပွားရေး တိုးတက်မြင့်မားလာရန် မျှော်မှန်းသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာလာဝီ၏ပါတီဌာနချုပ်အနီး အသေခံ ကားဗုံးဖောက်ခွဲ

ဘဂ္ဂဒက် ဇန်နဝါရီ ၄

ဘဂ္ဂဒက် အနောက်ပိုင်းဒေသရှိ အီရတ်ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် အာလာဝီ၏ ပါတီဌာနချုပ်ရှေ့တွင် အသေခံ ကားဗုံးဖောက်ခွဲမှုတစ်ရပ် ဇန်နဝါရီ ၃ရက်ကဖြစ်ပွားရာ လူနှစ်ဦး သေဆုံးပြီး၊ အခြားလူ ဒါဇင်ပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိသွားကြောင်း မျက်မြင်တွေ့ရှိသူများနှင့် ဆေးဘက်ဆိုင်ရာ သတင်းရပ်ကွက်များက ပြောကြားသည်။

ပေါက်ကွဲခဲ့

ဟာရီသီယာ အနောက်ပိုင်းခရိုင်ရှိ စစ်ဆေးရေးဂိတ်အနီးတွင် နံနက် ၉နာရီ ၄၅ မိနစ်က ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အီရတ်ရဲတပ်ဖွဲ့ဝင်များက ဝန်ကြီးချုပ် အာလာဝီ၏ပါတီဌာနချုပ်သို့ သွားရာလမ်းကို ပိတ်ဆို့ထားကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် လူနှစ်ဦး ထက်မနည်း သေဆုံးပြီး လူ ၂၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

ဘေးမသီ

ယင်းပေါက်ကွဲမှု ဖြစ်ပွားစဉ်က ဝန်ကြီးချုပ်အာလာဝီသည် ဌာနချုပ်တွင် မရှိပေ။ ၎င်းသည် ဘေးမသီ ရန်မခ ရှိနေကြောင်း အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ အာလာဝီ၏ပါတီရုံးချုပ်သည် ၎င်း၏နေအိမ်နှင့် မီတာ ၁၀၀ခန့်သာ ဝေးကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။

မီးလောင်

အကာအကွယ် ထူထပ်စွာချထားသည့် အစိမ်းရောင်ဒေသရှိ ဇေတွန်လမ်းပေါ်မှ စစ်ဆေးရေးဂိတ်တွင် မော်တော်ယာဉ်သုံးစီး မီးလောင်နေသည်ကို တွေ့ရှိရသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ပိတ်ဆို့

အမေရိကန်နှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာ ဒေသသို့ ချက်ချင်းသွားရောက်ပြီး လမ်းများပိတ်ဆို့ထားကာ သတင်းထောက်များ မလာစေရန် ပိတ်ထားလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဗီယက်နမ်နိုင်ငံ တိန်ဂီဆန်ဒေသရှိ ဆန်စက်တစ်နေရာတွင် လုပ်သားတစ်ဦး ဆန်အိတ်များ ချုပ်လုပ်နေသည်ကို ဇန်နဝါရီ ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာ သတင်းများ

နှစ်သစ်ကူးကာလ ဂျပန်ရိုးရာဝတ်စုံ

နှစ်သစ်ကူးကာလတွင် တိုကျိုငွေကြေးဈေးကွက်၌ ဂျပန်အမျိုးသမီးဝန်ထမ်းများ ရိုးရာဝတ်စုံဝတ်ဆင်ကာ အလုပ်လုပ်နေကြသည်ကို ဇန်နဝါရီ ၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တန်ဇန်းနီးယား၏ ပြောင်းထုတ်လုပ်မှုတိုးတက် အရှေ့အာဖရိကတွင် ဈေးနှုန်းအချိုဆုံးဖြစ်

ဒါရက်စလန် ဇန်နဝါရီ ၅

တန်ဇန်းနီးယားနိုင်ငံ၏ ပြောင်းဈေးနှုန်းသည် အရှေ့အာဖရိကတွင် ပါဝင်သော ကင်ညာနိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့နှင့် နှိုင်းယှဉ်လျှင် ဈေးအနည်းဆုံးဖြစ်သည်ကို အရှေ့အာဖရိက စိုက်ပျိုးရေးစာရင်းအင်းများအရ သိရသည်။

ပြောင်းဈေး

ပြီးခဲ့သောလက တန်ဇန်းနီးယားနိုင်ငံ ဒါရက်စလန်မြို့၏ ပြောင်းဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၅၀ရှိပြီး ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့တွင် တစ်တန်လျှင် ၂၀၄ဒေါ်လာနှင့် ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တွင် တစ်တန်လျှင် ၂၂၅ ဒေါ်လာ ရှိသည်။

ထုတ်လုပ်

တန်ဇန်းနီးယားနိုင်ငံ၏ပြောင်းဈေးနှုန်းကျဆင်းရခြင်းသည် ၂၀၀၃-၂၀၀၄ ခုနှစ် ရာသီတွင် စားသုံးသီးနှံ လိုအပ်သည်ထက် ပိုမိုထုတ်လုပ်နိုင်သောကြောင့်ဖြစ်သည်။ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် တန်ဇန်းနီးယားနိုင်ငံ၏ သီးနှံထုတ်လုပ်မှုသည် တန်ချိန် ၇ ဒသမ ၆သန်း ထုတ်လုပ်ပြီး နိုင်ငံအတွက် လိုအပ်သောရိက္ခာတန်ချိန်မှာ ၈ ဒသမ ၆သန်း ဖြစ်သည်။ ထို့အပြင် ၂၀၀၃-၂၀၀၄ခုနှစ် သီးနှံရာသီတွင် တန်ဇန်းနီးယား၏ သီးနှံထုတ်လုပ်မှုသည် တန်ချိန် ကိုးသန်း ရှိကြောင်း သိရသည်။

တင်ပို့

တန်ဇန်းနီးယားနိုင်ငံ တောင်ပိုင်းကုန်းမြင့်ဒေသတွင် ယမန်နှစ်က ပြောင်းထွက်ရှိမှုနှုန်း၏ ၅၅ရာခိုင်နှုန်းကိုထုတ်လုပ်ပေးသည်။ အရှေ့အာဖရိကတွင် တန်ဇန်းနီးယားနိုင်ငံ၏ပြောင်းထွက်ရှိမှုသည် ဒေသတစ်ခုလုံးထွက်ရှိမှု၏ ငါးပုံတစ်ပုံရှိသည်။

ယမန်နှစ် ဇူလိုင်နှင့် စက်တင်ဘာလများကြားတွင် တန်ဇန်းနီးယားနိုင်ငံ၊ ကင်ညာနိုင်ငံနှင့် ဇမ်ဘီယာနိုင်ငံတို့သည် ပြောင်းတန်ချိန် ၃၃၆၀၀ကို ပြည်ပသို့တင်ပို့ခဲ့ကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တရုတ်ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဝင်ငွေတိုး

ပေကျင်း ဇန်နဝါရီ ၅

တရုတ်နိုင်ငံသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည် ဦးရေနှင့် ခရီးသွားလုပ်ငန်းဝင်ငွေမှာ ၂၀၀၄ခုနှစ် ပထမ ၁၁ လအတွင်း သိသိသာသာတိုးတက်ခဲ့ရာ နှစ်အလိုက် ၂၀ ရာခိုင်နှုန်းနှင့် ၅၀ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ပြည်တွင်းခရီးသည်နှင့် နိုင်ငံခြားသားခရီးသည်ဦးရေ နှစ်ခုစလုံးမှာ ၂၀၀၂ ခုနှစ် တစ်နှစ်လုံးလာရောက်သည့် ခရီးသည်ဦးရေထက် ပိုမိုခဲ့ကြောင်း အမျိုးသားခရီးသွားလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၀၄ ခုနှစ် ပထမ ၁၁ လအတွင်း ခရီးသွားလုပ်ငန်းမှဝင်ငွေသည် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၅ ဘီလီယံ ရရှိခဲ့ရာ ၂၀၀၃ ခုနှစ် အလားတူကာလကရရှိသော ဝင်ငွေထက် ၄၉ ဒသမ ၆၁ ရာခိုင်နှုန်း တိုးမြင့်ခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

မူးယစ်ဆေးဝါး ရောင်းသူဟု သင်္ကာမကင်းသူ ခြောက်ဦး ဖိလစ်ပိုင်တွင် ပစ်သတ်ခံရ

မနီလာ ဇန်နဝါရီ ၄

ဖိလစ်ပိုင်နိုင်ငံမှ မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်ရေး ထောက်လှမ်းရေးများက ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းဒေသရှိ မူးယစ်ဆေးဝါးဓာတ်ခွဲခန်းတစ်ခုကို ဝင်ရောက်စီးနင်းခဲ့စဉ် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားသူများအဖြစ် သင်္ကာမကင်းခံရသူ ခြောက်ဦး သေဆုံးခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ် များက စနေနေ့တွင် ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ ဒါဗိုမြို့ရှိ မူးယစ်ဆေးဝါးဓာတ်ခွဲခန်းဟု သင်္ကာမကင်းဖြစ်သည့်နေရာကို ရဲတပ်ဖွဲ့က ရှာဖွေစဉ် အိမ်တွင်ရှိနေသူများက သေနတ်များဖြင့် ပစ်ခတ်ကြကြောင်း ဖိလစ်ပိုင်မူးယစ်ဆေးဝါး တိုက်ဖျက်ရေးဌာနကို ဦးဆောင်သည့် အဗန်နီဒိုက ပြောကြားသည်။

မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူများဟု သင်္ကာမကင်းခံရသူခြောက်ဦး သေဆုံးခဲ့သည်။ ရဲအရာရှိ နှစ်ဦးသည် သေနတ်ထိမှန်သော်လည်း ကျည်ကာအင်္ကျီ ဝတ်ဆင်ထားမှုကြောင့် ထိခိုက်ဒဏ်ရာမရရှိခဲ့ပေ။

ဖမ်းဆီး

သေဆုံးသူများမှာ မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်များ၊ သို့မဟုတ် အမ်ဖက်တာမင်းဟိုက်ဒရိုကလိုရိုဒ် ဓာတုဆေးဝါး ချက်လုပ်ရာတွင် တာဝန်ယူ ကွပ်ကဲသူများဖြစ်ကြောင်း အဗန်နီဒိုက ပြောကြားသည်။ ပေါက်ဈေး ပီဆို သန်း ၁၅၀ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်း) ရှိ မူးယစ်ဆေးဝါး ၇၆ ကီလိုခန့်နှင့် ပစ္စတိုသုံးလက်တို့ကို ထောက်လှမ်းရေးသမားများက ဖမ်းဆီးရမိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

သဘာဝဓာတ်ငွေ့သုံးယာဉ်များ တွင်ကျယ်လာတော့မည်

ဆွေသန့်ကို

"ပတ်ဝန်းကျင်အန္တရာယ်ကင်းပြီး ဈေးနှုန်းချိုသာသည့် သဘာဝဓာတ်ငွေ့လောင်စာ (CNG) ကို သုံးစွဲကြပါစို့"ဟူသော ခေါင်းစဉ်ဖြင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နေ့ထုတ် သတင်းစာများတွင် ရေးသားထားသော နည်းပညာ သုတေသီတစ်ဦး၏ ဆောင်းပါးကို ဖတ်ရှုလိုက်ရသည်။ ယင်းဆောင်းပါးကို ဖတ်ရှုပြီးနောက် သဘာဝဓာတ်ငွေ့ (Compressed Natural Gas) ကို စိတ်ဝင်စားကာ လေ့လာလိုစိတ်များ ဖြစ်ခဲ့ရသည်။

ထို့ကြောင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ အကူအညီကို ရယူကာ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များအဖြစ် ပြောင်းလဲတပ်ဆင်ပေးနေသည့် လှိုင်သာယာ စက်မှုဇုန်နှင့် ရွှေပြည်သာ စက်မှုဇုန်များသို့ မကြာသေးမီက သွားရောက်လေ့လာခဲ့သည်။ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယ ဝန်ကြီးတို့နှင့်အတူ လိုက်ပါလေ့လာခွင့် ရခဲ့ခြင်းဖြစ်သည်။

စက်မှုဇုန်များသို့ ရောက်သည်နှင့် သဘာဝဓာတ်ငွေ့သုံးအင်ဂျင် တပ်ဆင်ထားသည့် မော်တော်ယာဉ်များကို တွေ့ရသည်။ ထိုယာဉ်များ မောင်းနှင်သရုပ်ပြသည်ကိုလည်း ကြည့်ခဲ့ရသည်။ တစ်မနက်လုံးနီးပါး ကြာအောင် လေ့လာခဲ့ခြင်းဖြစ်သည်။ စမ်းသပ်မောင်းနှင်သည့် ယာဉ်အမျိုးအစားများကိုလည်း လေ့လာမှတ်သားခဲ့ရပါသည်။

သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များကို ဤသို့ တွေ့ခဲ့ရသည်။ (ဓာတ်ပုံ-တင်စိုး)

သဘာဝဓာတ်ငွေ့သုံး ယာဉ်အမျိုးအစားများမှာ ဓာတ်ဆီသုံးယာဉ်နှင့် ဒီဇယ်သုံးယာဉ်တို့ ဖြစ်သည်။ ကနဦးအနေဖြင့် ဓာတ်ဆီသုံးယာဉ် ၁၄၆၇ စီး၊ ဒီဇယ်သုံးယာဉ် ၃၅၃၃ စီး စုစုပေါင်း အစီး ၅၀၀၀ ကို သဘာဝ ဓာတ်ငွေ့ဖြင့် အစားထိုး အသုံးပြုသွားမည်ဟု သိခဲ့ရသည်။

ဓာတ်ဆီသုံးယာဉ် အမျိုးအစား အားလုံးအတွက် (၂၀၀၀ CC Kit) တစ်မျိုးတည်းသာ အသုံးပြုမည်ဖြစ်ကြောင်းလည်း မှတ်သားခဲ့ရသည်။

တစ်ဖန် ဒီဇယ်သုံးယာဉ်အမျိုးအစား (၆၀၀၀ CC) အောက် ယာဉ်များဖြစ်သော Mitsubishi Canter 4D 32 ၃၄၄ စီး၊ Toyota Dyna 11 B, 13 B, 14 B ၆၃၃ စီး၊ Minibus (အင်ဂျင်မျိုးစုံ) အစီး ၃၂၀၊ Hino BM Bus DM-100 အစီး ၃၂၀ စုစုပေါင်း ၁၃၇၇ စီးကို သဘာဝဓာတ်ငွေ့ သုံးယာဉ်များအဖြစ် ပြောင်းလဲအသုံးပြုသွားမည်ဟု သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်က ရှင်းပြသွားပါသည်။

ထိုမှတစ်ဆင့် ဒီဇယ်သုံး (၆၀၀၀ CCအထက်) ယာဉ်အမျိုးအစားများတွင်လည်း သဘာဝဓာတ်ငွေ့များ အစားထိုး အသုံးပြုသွားမည့်အကြောင်း ဆက်လက်ရှင်းပြသည်။ သဘာဝဓာတ်ငွေ့ အသုံးပြုမည့် ဒီဇယ်သုံး (၆၀၀၀ CC အထက်) ယာဉ်အမျိုးအစားများတွင် Mitsubishi 6D 23 ၆၃၉ စီး၊ Nissan PE 6/PD6-၃၀၃ စီး၊ Hino M 10 u/Ho 76-၃၄၁ စီး၊ Isuzu 6QA ၃၄၄ စီး၊ Hyundai ၂၇၂ စီး၊ Daewoo ၁၁၅ စီးနှင့် မန္တလေးစက်မှုဇုန်မှ ၇၅ စီး၊ ရန်ကုန်စက်မှုဇုန်မှ အစီး ၁၀၀ စုစုပေါင်း ၂၁၅၆ စီး ပါဝင်မည်ဖြစ်ပြီး ဒီဇယ်သုံးယာဉ် စုစုပေါင်း ၃၅၃၃ စီး ဖြစ်ကြောင်း အသေးစိတ်ရှင်းပြသွားသည်။

သဘာဝဓာတ်ငွေ့သုံးယာဉ်တွင် သုံးစွဲပုံအပေါ်မူတည်၍ စနစ်လေးမျိုး အသုံးပြုနိုင်ကြောင်း၊ ယင်းစနစ်လေးမျိုးအနက် ပထမတစ်မျိုးမှာ ဓာတ်ဆီနှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးစလုံးအနက် တစ်ကြိမ်လျှင် တစ်မျိုးစီ အသုံးပြု၍ မောင်းနှင်ရသော Bi-Fuel System စနစ်ဖြစ်ကြောင်း၊ ယင်းစနစ်တွင် တစ်ကြိမ်လျှင် လောင်စာဆီတစ်မျိုးစီ အသုံးပြုနိုင်ရန် ခလုတ်တပ်ဆင်ထားကြောင်း၊ ဒုတိယတစ်မျိုးမှာ ဒီဇယ်နှင့် သဘာဝဓာတ်ငွေ့ နှစ်မျိုးစလုံးကို တစ်ပြိုင်တည်း အသုံးပြုမောင်းနှင်ရသည့် Duel-Fuel System စနစ် ဖြစ်ကြောင်း၊ ယင်းစနစ်တွင် သဘာဝဓာတ်ငွေ့ ကုန်သွားပါက ဒီဇယ်ဆီတစ်မျိုးတည်းဖြင့် ဆက်လက်မောင်းနှင်နိုင်ကြောင်း၊ သို့သော် ဒီဇယ်ဆီကုန်သွားသည့် အခါမျိုးတွင် သဘာဝဓာတ်ငွေ့ တစ်မျိုးတည်းဖြင့် မောင်းနှင်၍ မရနိုင်ကြောင်း၊ တတိယတစ်မျိုးမှာ သဘာဝဓာတ်ငွေ့ လောင်စာတစ်မျိုးတည်းဖြင့်သာ မောင်းနှင် အသုံးပြုရသော Dedicated Conversion System စနစ် ဖြစ်ကြောင်း၊ နောက်ဆုံးတစ်မျိုးမှာလည်း သဘာဝဓာတ်ငွေ့တစ်မျိုးတည်းဖြင့်သာ မောင်းနှင်ရသည့် Original Built in CNG Vehicle ဖြစ်ကြောင်း၊ ထိုယာဉ်များမှာ မူလထုတ်လုပ်စဉ်ကတည်းက သဘာဝဓာတ်ငွေ့ဖြင့် အသုံးပြုရန် ပုံစံထုတ်ထားသည့် သဘာဝဓာတ်ငွေ့သုံး အင်ဂျင်တပ်ဆင်ထားသောယာဉ်များ ဖြစ်ကြောင်း ရှင်းပြသွားပါသည်။

ရှင်းပြချက်များကို ဂရုတစိုက် မှတ်သားနားထောင်ရင်း အဘယ်ကြောင့် သဘာဝဓာတ်ငွေ့ကို ပြောင်းလဲအသုံးပြုရပါသနည်းဟု မေးခွန်းထုတ်ချင်မိလာသည်။ ထို့ကြောင့် မေးလိုက်ရသည်။

"ဒီလိုပါ၊ မျက်မှောက်ခေတ် နိုင်ငံအသီးသီးရှိ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများမှာ မော်တော်ယာဉ်များကို အများဆုံးအသုံးပြုနေရပါတယ်။ ဒါကြောင့် မော်တော်ယာဉ်တွေက ထုတ်လွှတ်သည့် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေတဲ့ ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ်တွေရဲ့ အန္တရာယ်ကို ရင်ဆိုင်နေကြရပါတယ်။ ဒီဓာတ်ငွေ့တွေဟာ ဖန်လုံအိမ်အဖြစ် ဖန်တီးပြီး ကမ္ဘာကြီးကို ပိုမိုပူနွေးလာစေရုံသာမက ဒီဓာတ်ငွေ့တွေကို ရှုရှိုက်ရခြင်းအားဖြင့် လူအများမှာ အသက်ရှုလမ်းကြောင်းဆိုင်ရာနဲ့ အခြားဝေဒနာဆိုးများကို ခံစားသွားစေနိုင်ပါတယ်။ ဒါကြောင့် စက်မှုတိုးတက်တဲ့ နိုင်ငံများမှာပဲဖြစ်ဖြစ်၊ ဖွံ့ဖြိုးဆဲနိုင်ငံ များမှာပဲဖြစ်ဖြစ် မော်တော်ယာဉ်တွေဆီက အန္တရာယ်ဖြစ်စေတဲ့ ဓာတ်ငွေ့များ ထုတ်လွှတ်မှုနည်းပါးအောင် သန့်ရှင်းတဲ့ လောင်စာခေါ် သဘာဝ ဓာတ်ငွေ့ကို ပြောင်းလဲအသုံးပြုလာကြတာပဲ ဖြစ်ပါတယ်"ဟူ၍ ပြန်လည် ဖြေကြားသွားသည်။

အခြားမည်သည့် အကျိုးကျေးဇူးများ ရရှိနိုင်သေးသည်ကိုလည်း ဆက်လက် ရှင်းပြပါသေးသည်။

ထိုသို့ ရှင်းပြရာတွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ သဘာဝအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရန် နည်းလမ်းများ ရှာဖွေဆောင်ရွက်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်မူ ဒီဇယ်ဆီနှင့် ဓာတ်ဆီများ လုံလောက်အောင် မထွက်ရှိ သော်လည်း ကုန်းတွင်းနှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သဘာဝဓာတ်ငွေ့ များ ပမာဏကြီးမားစွာရှိနေပြီး အမြောက်အမြား ထွက်ရှိနေကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှာ ဓာတ်ဆီနှင့် ဒီဇယ်ဆီသုံး ယာဉ်များကို သဘာဝဓာတ်ငွေ့ဖြင့် အစားထိုးနိုင်အောင် စီစဉ်နေရခြင်းဖြစ် ကြောင်း၊ ပြည်တွင်းက ထုတ်ယူရရှိသည့် သဘာဝဓာတ်ငွေ့များကို သုံးစွဲခြင်းဖြင့် ဓာတ်ဆီ၊ ဒီဇယ်ဆီ အသုံးပြုခြင်းထက် ငွေကြေးကုန်ကျမှုများစွာ သက်သာမည် ဖြစ်ကြောင်း၊ ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ် ထွက်ရှိမှုကို သိသိသာသာကြီး လျှော့ချပေးနိုင်မည်ဖြစ်၍ သဘာဝပတ်ဝန်းကျင် သန့်ရှင်းမှုကို



သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များအတွင်း ဤသို့ တပ်ဆင်ထားသည်။ (ဓာတ်ပုံ-တင်စိုး)

သဘာဝဓာတ်ငွေ့ (CNG)ကို သုံးစွဲခြင်းအားဖြင့် မော်တော်ယာဉ် အင်ဂျင်သက်တမ်း အခြေအနေကိုပါ ဆက်လက်မေးမြန်းလိုက်ရပါသည်။

သဘာဝဓာတ်ငွေ့သည် အထက်ကရှင်းပြသကဲ့သို့ ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်အောက်ဆိုဒ် အန္တရာယ်မှ ကင်းဝေးနိုင်ကြောင်း၊ သန့်ရှင်းစွာ လောင်ကျွမ်းသော လောင်စာဖြစ်ကြောင်း၊ အင်ဂျင်မီးအားပလပ်ကို ချေးမတက် စေကြောင်း၊ အင်ဂျင်ဝိုင်ချောဆီကို သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ကြောင်း၊ မကြာခဏ အင်ဂျင်ချိန်ညှိပေးရခြင်းမျိုး မရှိကြောင်း၊ သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များ၏ သက်တမ်းသည် ဓာတ်ဆီ၊ ဒီဇယ်ဆီသုံးအင်ဂျင်များ၏ သက်တမ်းထက် နှစ်ဆမှသုံးဆအထိ ကြာရှည်ပါကြောင်း၊ သဘာဝဓာတ်ငွေ့အိုး

နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်က မော်တော်ယာဉ်များကို သဘာဝဓာတ်ငွေ့ သုံးယာဉ်များအဖြစ် အောင်မြင်အောင် ပြောင်းလဲတပ်ဆင်သွားဖို့ လမ်းညွှန်မှာကြား ခဲ့တာပါ။ အခုဆို နိုင်ငံခြားငွေနဲ့ ဝယ်ယူနေရတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ကို အစားထိုးနိုင်တဲ့ သဘာဝဓာတ်ငွေ့ကို တွင်တွင်ကျယ်ကျယ် အသုံးပြုသွားနိုင်အောင် လက်တွေ့ အကောင်အထည်ဖော်ပေးနေတာဖြစ်ပါတယ်။

ပိုမိုအထောက်အကူပြုသည့် အကျိုးကျေးဇူးများ ရရှိလာနိုင်မှာ ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားသွားသည်။ ဆက်လက်ရှင်းပြရာတွင်-

"နိုင်ငံတော်အကြီးအကဲ ကိုယ်တိုင်က မော်တော်ယာဉ်များကို သဘာဝ ဓာတ်ငွေ့သုံးယာဉ်များအဖြစ် အောင်မြင်အောင် ပြောင်းလဲတပ်ဆင်သွားဖို့ လမ်းညွှန်မှာကြားခဲ့တာပါ။ အခုဆို နိုင်ငံခြားငွေနဲ့ ဝယ်ယူနေရတဲ့ ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ကို အစားထိုးနိုင်တဲ့ သဘာဝဓာတ်ငွေ့ကို တွင်တွင်ကျယ်ကျယ် အသုံးပြုသွားနိုင်အောင် လက်တွေ့အကောင်အထည်ဖော်ပေးနေတာဖြစ်ပါတယ်။"

သဘာဝဓာတ်ငွေ့သုံးယာဉ်နှင့် ပတ်သက်၍ အဆိုပါ တာဝန်ရှိပုဂ္ဂိုလ်၏ ရှင်းပြချက်များကို စာဖြင့်ရေးသား မှတ်တမ်းတင်လိုက်ရပါသည်။ နောက်ဆုံး အနေဖြင့် သိလိုသော အချက်တစ်ချက်ကို စကားမစပ် ကြားဖြတ်မေးခဲ့ရပါ သေးသည်။

ထုတ်လုပ်မှုကို သတ်မှတ်ထားသော လုံခြုံစိတ်ချရမှုစံနှုန်းများဖြင့် ထုတ်လုပ်ထားကြောင်း၊ များစွာစိတ်ချရကြောင်း၊ ကြိမ်ဖန်များစွာ ဓာတ်ငွေ့အသွင်း၊ အထုတ် ပြုလုပ်စမ်းသပ်ခြင်း၊ မီးပုံထဲထည့်ခြင်းများ ပြုလုပ်လျှင် ပေါက်ကွဲမှုမဖြစ်စေ ကြောင်း၊ လုံခြုံရေးအဆို့မှ ဓာတ်ငွေ့ထွက်သွားခြင်းမျိုး မရှိကြောင်း၊ သာမန် အသုံးပြုသည့် ဖိအားထက် နှစ်ဆခွဲမှ သုံးဆခွဲအထိ ခံနိုင်ကြောင်း၊ သဘာဝ ဓာတ်ငွေ့အိုးများကို သုံးနှစ်တစ်ကြိမ် သို့မဟုတ် ငါးနှစ်တစ်ကြိမ် ပြန်လည် စမ်းသပ် စစ်ဆေးသင့်ကြောင်း၊ သဘာဝဓာတ်ငွေ့ လှောင်ကန်၏ သက်တမ်း ကို ၁၅နှစ်အထိ သတ်မှတ်ထားသည့် နိုင်ငံများရှိကြောင်းဖြင့် ပြန်လည် ရှင်းပြသည်။

သဘာဝဓာတ်ငွေ့ (CNG)သုံး မော်တော်ယာဉ်များကို သုံးစွဲခြင်းဖြင့် ငွေကြေးသက်သာခြင်း၊ အင်ဂျင်သက်တမ်းကြာရှည်ခြင်း၊ သဘာဝပတ်ဝန်း ကျင် သန့်ရှင်းရေးကို အထောက်အကူပြုခြင်း၊ ပြည်တွင်းထွက် သဘာဝ ဓာတ်ငွေ့ကို အလုံအလောက်သုံးစွဲရ၍ နိုင်ငံခြားမှ ဓာတ်ဆီ၊ ဒီဇယ်ဆီ မှာယူ တင်သွင်းရမှု လျှော့နည်းခြင်းဟူသော အကျိုးကျေးဇူးများ ရရှိနိုင်ကြမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

သဘာဝဓာတ်ငွေ့ (CNG) သုံး မော်တော်ယာဉ်များကို ဤသို့မှတ်တမ်း တင်ခဲ့ရသည်။ (ဓာတ်ပုံ-တင်စိုး)

✻ သံဃမဟာနာယကမှ

ထိုမှတစ်ဆင့် ဗုဒ္ဓမြတ်စွာ သဗ္ဗညုတရွှေဉာဏ်တော်မြတ်ကို ရရှိတော်မူရာ နေရာ၌ တည်ထားသည့် မဟာဗောဓိစေတီတော်ကြီးသို့ ကြွရောက်ဖူးမြော်ကြပြီး စေတီတော်လိုဏ်ဂူအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ ထို့နောက် ဆရာတော်ကြီးများသည် ဘုရားရှင်သတ္တဌာန စံနေတော်မူခဲ့ရာ ခုနစ်ဌာနသို့ လှည့်လည်၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများသည် သေနာနိဂုံးရှိ သုဇာတာသူဌေးသမီး၏ အိမ်ဟောင်းနေရာ၌ တည်ထားသော စေတီတော်အား ကြွရောက်ဖူးမြော်လေ့လာကြသည်။ ထိုမှတစ်ဆင့် ဆရာတော်ကြီးများသည် နေရဥ္စရာမြစ်ကမ်းအနီးရှိ သောတ္ထိယမြက်ထမ်းသမားထံမှ ဘုရားရှင် မြက်ရှစ်ဆုပ် အလှူခံတော်မူရာ အထိမ်းအမှတ်နေရာသို့ ကြွရောက်၍လေ့လာကြသည်။ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းသိမ်တော်တွင် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာစစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့်ဇနီး ဒေါ်သီတာညွန့် ဦးဆောင်သော သံရုံးဝန်ထမ်းများ၊ ဒါယကာ၊ ဒါယိကာမများ လာရောက်ဖူးမြော်ကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ညပိုင်းတွင် ဆရာတော်ကြီးများသည် မဟာဗောဓိစေတီတော်ကြီးသို့ ထပ်မံ၍ ကြွရောက်ဘုရားဝတ်ပြုဆုတောင်းအမျှဝေကြပြီး ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်း၌ ညအိပ်ကျိန်းစက် ရပ်နားတော်မူကြသည်။

ဗာရာဏသီပြည်

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၂၆ရက် နံနက် ၆နာရီခွဲတွင် အဖွဲ့ဝင်များနှင့်အတူ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ဗာရာဏသီမြို့သို့ မော်တော်ယဉ်ဖြင့် ဆက်လက်ကြွရောက်တော်မူကြရာ ညနေ ၅နာရီခွဲတွင် ရောက်ရှိတော်မူကြပြီး ရှေးဦးစွာ မြတ်စွာဘုရားအား ပဉ္စဝဂ္ဂီငါးဦးတို့ ခရီးဦးကြိုဆိုရာ နေရာ၌ တည်ထားခဲ့သော ချောက်ခဏ္ဍီစေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။ ဆက်လက်၍ ဆရာတော်ကြီးများသည် မြတ်စွာဘုရား ဓမ္မစကြာတရားဦးဟောရာ ဓမ္မရာဇိကစေတီဟောင်းနေရာသို့ ရောက်ရှိတော်မူကြ၍ စေတီဟောင်းနေရာတွင် ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး နန္ဒိယသူကြွယ် ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတော်ဟောင်းနေရာနှင့် အသောကကျောက်တိုင် ၊ရှေးဟောင်းပလ္လင်တော်ကြီးတို့ကို လှည့်လည်ကြည့်ရှုတော်မူကြသည်။ ယင်းနောက် ဆရာတော်ကြီးများသည် ဘုရားရှင် အနတ္တလက္ခဏာသုတ် ဟောကြားတော်မူရာနေရာ၌ တည်ထားသော ဓမ္မေခစေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုကြ၍ စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး ဗာရာဏသီမြို့ မိဂဒါဝုန်မြန်မာကျောင်း၌ ညအိပ်ကျိန်းစက် ရပ်နားတော်မူကြသည်။

လုမ္ဗိနီဒေသ

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၂၇ရက် နံနက် ၆နာရီ ၄၅မိနစ်တွင် ဗာရာဏသီမြို့မှ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ နီပေါနိုင်ငံ လုမ္ဗိနီဒေသသို့ ညနေ ၅နာရီတွင် ရောက်ရှိတော်မူကြပြီး လုမ္ဗိနီမြန်မာရွှေကျောင်း၌ နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်မြင့်မြင့်အုန်းနှင့် သံရုံးအဖွဲ့ဝင်မိသားစုများက ဂါရဝပြုကြိုဆိုဖူးမြော်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများသည် လုမ္ဗိနီ မြန်မာရွှေကျောင်း၌ ညအိပ် ကျိန်းစက်ရပ်နားတော်မူကြသည်။

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၂၈ရက် နံနက် ၆နာရီတွင် မြန်မာရွှေကျောင်းဝင်းအတွင်း တည်ထားသည့် လောကမဏိစူဠာစေတီတော်အား ဖူးမြော်ကြည်ညိုကြ၍ ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး လုမ္ဗိနီဥယျာဉ်အတွင်းရှိ ဘုရားရှင်ဖွားမြင်တော်မူရာ နေရာကို လေ့လာကြည်ညိုကြကာ လုမ္ဗိနီဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုတော်မူကြသည်။ ဆရာတော်ကြီးများအား နံနက် ၁၀နာရီခွဲတွင် နီပေါနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်ဆွေနှင့် ဇနီးတို့က မြန်မာရွှေကျောင်း၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် မွန်းတည့် ၁၂နာရီတွင် နီပေါနိုင်ငံ မြန်မာရွှေကျောင်းမှ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ကုသိနာရုံ မြန်မာကျောင်းသို့ ရောက်ရှိတော်မူကြပြီး ကုသိနာရုံ ဆရာတော်ကြီးနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အခမ်းအနားဖြင့် ကြိုဆိုဖူးမြော်ကြသည်။

အင်္ဂါရစေတီ

ထိုမှတစ်ဆင့် ဆရာတော်ကြီးများသည် မြတ်စွာဘုရားတေဇောဓာတ် လောင်ကျွမ်းတော်မူရာအရပ်၌ တည်ထားသော အင်္ဂါရစေတီသို့ ကြွရောက်၍ လက်ယာရစ်ဖူးမြော် ကြည်ညိုကြပြီး ထိုမှတစ်ဆင့် မြတ်စွာဘုရားပရိနိဗ္ဗာန်မပြုမီ နောက်ဆုံး ရေကြည်တော်သောက်သုံးတော်မူခဲ့ရာ အရပ်သို့ကြွရောက်၍ ကြည့်ရှုလေ့လာတော်မူကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာဌာန၌ တည်ထားသော မဟာပရိနိဗ္ဗာနစေတီတော်ကြီးအတွင်းရှိ မဟာပရိနိဗ္ဗာန ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကြပြီး သင်္ကန်းကပ်လှူတော်မူကြကာ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော် အနိစ္စာဝတသင်္ခါရာ အစရှိသော ဂါထာတော်တို့ကို ရွတ်ပွားပူဇော်တော်မူကြသည်။ ထို့နောက် ဆရာတော်ကြီးများသည် ခေတ္တတည်းခိုရာ ကုသိနာရုံမြန်မာကျောင်း၌ ညအိပ် ကျိန်းစက်ရပ်နားတော်မူကြသည်။

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၂၉ရက် နံနက် ၅နာရီ ၄၅မိနစ်တွင် ကုသိနာရုံကျောင်းဝင်းအတွင်းရှိ မဟာသုခဒ္ဒ ချမ်းသာကြီးစေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြပြီး နံနက် ၇နာရီတွင် ဆက်လက်ထွက်ခွာခဲ့ကြရာ သီဟာပြည်နယ်ရှိ ဘုရားရှင် သပိတ်တော်အား ဌာပနာပြု၍ တည်ထားသော ကေစရိယစေတီဟောင်းနေရာသို့ မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ရောက်ရှိတော်မူကြပြီး စေတီတော်အား ဖူးမြော်ကြ၍ ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၂နာရီခွဲတွင် ဒုတိယသင်္ဂါယနာတင်တော်မူခဲ့ရာ ဝါဠုကာရုံ ကျောင်းတော်ရာဒေသသို့ ရောက်ရှိလေ့လာတော်မူကြသည်။ ယင်းနောက် ဆရာတော်ကြီးများသည် လိစ္ဆဝီမင်းများ စုပေါင်း၍ တည်ထားကိုးကွယ်ခဲ့သော စေတီဟောင်းနေရာသို့ ရောက်ရှိတော်မူကြပြီး ဆက်လက်ထွက်ခွာခဲ့ရာ ညနေ ၅ နာရီတွင် ပတ္တနာမြို့သို့ ရောက်ရှိတော်မူကြကာ ပတ္တနာမြန်မာကျောင်း၌ ညအိပ်ကျိန်းစက်ရပ်နားတော်မူကြသည်။

နာလန္ဒာတက္ကသိုလ်

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၃၀ရက် နံနက် ၇နာရီတွင် ပတ္တနာမြို့မှ ဆက်လက်ထွက်ခွာခဲ့ကြရာ အဂ္ဂသာဝက အရှင်သာရိပုတ္တရာ မထေရ်မြတ်ဖွားမြင်တော်မူရာနှင့် ပရိနိဗ္ဗာန်ပြုတော်မူရာ အရပ်၌ တည်ထောင်ထားရှိခဲ့သော နာလန္ဒာတက္ကသိုလ်ဟောင်းသို့ ရောက်ရှိလေ့လာတော်မူကြသည်။ ထိုမှတစ်ဆင့် ဆရာတော်ကြီးများသည် နာလန္ဒာတက္ကသိုလ်သစ်သို့ ကြွရောက်တော်မူကြရာ နာလန္ဒာတက္ကသိုလ်၏ ဒါရိုက်တာ ဒေါက်တာရာဘင်ဒရာပန့်နှင့် မြန်မာနိုင်ငံမှ စာသင်သား ရဟန်းတော်များက ခရီးဦးကြိုဆို ဖူးမြော်ကြပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကြ၍ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထိုမှတစ်ဆင့် ဆရာတော်ကြီးများသည် ရာဇဂြိုဟ်မြို့သို့ ရောက်ရှိတော်မူကြပြီး ရာဇဂြိုဟ်မြန်မာကျောင်းတွင် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်ကြသည်။ ထို့နောက် ဆရာတော်ကြီးများသည် ဝေဠုဝန်ကျောင်းတော်ရာသို့ ကြွရောက်တော်မူကြပြီး ဩဝါဒပါတိမောက် ပြတော်မူရာနေရာသို့ ရောက်ရှိကြည်ညိုကြသည်။ ဆက်လက်၍ ဆရာတော်ကြီးများသည် ဗိမ္ဗိသာရမင်းကြီး၏ ဘဏ္ဍာတိုက်နှင့် ဓာတ်တော်တိုက်ဟောင်းနေရာတို့ကို လှည့်လည်လေ့လာတော်မူကြပြီး ဂိဇ္ဈကုဋ်တောင်ပေါ်သို့ စက်ဘီးရထားဖြင့် တက်ရောက်၍ လေ့လာတော်မူကြသည်။ ထိုမှတစ်ဆင့် ဆရာတော်ကြီးများသည် ဗုဒ္ဓဂယာမြန်မာကျောင်းသို့ ညနေ ၅နာရီတွင် ရောက်ရှိကြပြီး ညအိပ်ကျိန်းစက် ရပ်နားတော်မူကြသည်။

ဥရုဝေလတောင်

ဆရာတော်ကြီးများသည် ဒီဇင်ဘာ ၃၁ရက် နံနက် ၆နာရီခွဲတွင် ဂယာမြို့ အနီးရှိ ဥရုဝေလတော ဥရုဝေလတောင်ရှိ မြတ်စွာဘုရားသခင် ဒုက္ကရစရိယာ ကျင့်တော်မူခဲ့ရာ လိုဏ်ဂူတော်သို့ ကြွရောက်ဖူးမြော်ကြပြီး မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ထို့နောက် ဆရာတော်ကြီးများသည် ဂယာမြို့ မြန်မာကျောင်းတွင် နေ့ဆွမ်းဘုဉ်းပေးပြီးနောက် မော်တော်ယာဉ်ဖြင့် ဂယာလေဆိပ်သို့ ကြွရောက်တော်မူကြရာ ဂယာလေဆိပ်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်၊ ဇနီး ဒေါ်သီတာညွန့်နှင့် သံရုံးအဖွဲ့ဝင်များ၊ အိန္ဒိယနိုင်ငံ မဟာဗောဓိအသင်း အတွင်းရေးမှူး ဆရာတော်နှင့် မြန်မာနိုင်ငံ အောင်ချမ်းသာ ဘုရားဖူးပို့ဆောင်ရေးအဖွဲ့မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ဖူးမြော်ကြသည်။

ယင်းနောက် ဆရာတော်ကြီးများသည် ဒေသစံတော်ချိန် မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ဂယာလေဆိပ်မှ ထွက်ခွာခဲ့ကြရာ မြန်မာနိုင်ငံစစ်တွေလေဆိပ်သို့ ညနေ ၄နာရီ ၃၅မိနစ်တွင် ရောက်ရှိကြပြီး ခေတ္တရပ်နားတော်မူကြသည်။

ထို့နောက် ဆရာတော်ကြီးများသည် စစ်တွေလေဆိပ်မှ ညနေ ၅နာရီတွင် ဆက်လက်ထွက်ခွာခဲ့ကြရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေ ၅နာရီ မိနစ် ၅၀တွင် ရောက်ရှိတော်မူကြသည်။ (သတင်းစဉ်)

၂၀၀၅ခုနှစ်(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို စတုတ္ထနေ့အဖြစ် ဆက်လက်ဖွင့်လှစ် ပြသလျက်ရှိရာ Soft Guide Computer Co., ၏ Teaching Contest with Audio Language Lab ပြိုင်ပွဲတွင် ဆုရရှိသည့် လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းအား ကြည့်မြင်တိုင်မြို့နယ် ပညာရေးမှူး ဦးဖေမန်း ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

☆ (၅၇)နှစ်မြောက်မှ

အဆိုပါ ပြပွဲတွင် မျက်မှောက်ခေတ် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြသည့် ဝန်ကြီးဌာန ပြခန်းများဖြစ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပြခန်း၊ စွမ်းအင်ဝန်ကြီးဌာနပြခန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနပြခန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြခန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ ပညာရေးဝန်ကြီးဌာန ပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နိုင်ငံသစ်ဆီ တို့ဦးတည် တက်ညီလက်ညီ ချီတက်မည်ပြခန်းမှ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ပြကွက်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပြည်သူများသို့ ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ဆောင်မှုများဆိုင်ရာ ပြကွက်များကို ခင်းကျင်းပြသထားသည်။

ထို့ပြင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ပုဂ္ဂလိက စာအုပ်ဆိုင်များတွင် စာအုပ်၊ စာတမ်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ပြပွဲလာ ပြည်သူများ ဝယ်ယူအားပေးကြသည်။

ယနေ့ပြပွဲတွင် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်၏ Computer Quiz အစီအစဉ်နှင့် Soft Guide Computer Co., ၏ Teaching Contest with Audio Language Lab ပြိုင်ပွဲတို့၌ မြို့နယ်အသီးသီးရှိ အခြေခံပညာ အထက်တန်းကျောင်းများမှ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲအပြီးတွင် ဆုရရှိသည့် လှိုင်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းကို ကြည့်မြင်တိုင်မြို့နယ် ပညာရေးမှူး ဦးဖေမန်းက ဆုများချီးမြှင့်သည်။

အဆိုပါ ပြပွဲကို ဇန်နဝါရီ ၁၁ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။

(သတင်းစဉ်)

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ငှက်ခါးမိသားစု ကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်က ကြီးမှူး၍ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် (၃၅)နှစ်မြောက် ငှက်ခါးမိသားစု ကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် ညနေပိုင်းက လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသားကြက်တောင် အားကစားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေက အမှာစကားပြောကြားပြီး ငှက်ခါးကြက်တောင်ကလပ် အသင်းခေါင်းဆောင် ဦးစိုးမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဆုများ ချီးမြှင့်ရာ မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ငှက်ခါးကြက်တောင်ကလပ်အသင်း ခေါင်းဆောင်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ကြက်တောင်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ အကြီးတန်း နှစ်ယောက်တွဲပြိုင်ပွဲ ဆုရရှိသူများအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ယာဉ်စည်းကမ်းထိန်းသိမ်းကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ဒုတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဝတ္ထုတို၊ ဆောင်းပါး၊ စာစီစာကုံး၊ ပိုစတာ၊ ကာတွန်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပန်းချီနှင့် ဒစ်ဂျစ်တယ် ပိုစတာပြိုင်ပွဲတွင် စာစီစာကုံး အထက်တန်းဆင့်တွင် ပထမဆုရ အထက(၂) လမ်းမတော်မှ မနေရီရီလင်း ဆုယူစဉ်။ (က-ပ)

ဇန်နဝါရီ ၃ရက်က အမက (၁) ဗဟန်း၌ ပညာရေး စုံညီပွဲတော် ပျော်ပွဲရွှင်ပွဲ၊ ဈေးရောင်းပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ပဒေသာကပွဲကျင်းပရာ သူငယ်တန်းကျောင်းသားကလေးများက ကာယဗလမောင် ပြိုင်ပွဲဖြင့် ပါဝင်သရုပ်ပြစဉ်။

(က-ပ)

❍ (၅၇)နှစ်မြောက်မှ

အထိမ်းအမှတ်ကလေးပြိုင်ပွဲ၊ စံပြကလေး၊ စံပြမိခင်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် မြိတ်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြမြအေးက ကလေးပြိုင်ပွဲနှင့် ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး၊ဇနီးနှင့် တာဝန်ရှိသူများက ဆုရကလေးငယ်များနှင့် စံပြမိခင်များအား ဆုများချီးမြှင့်၍ ကျန်းမာရေးဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များပေးအပ်သည်။

ယင်းနောက် တိုင်းမှူးသည် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပါရမီရပ်ကွက် ဗိုလ်ဗထူးလမ်း ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများက လမ်းဖွင့်လှစ်ပေးမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ ဗိုလ်ဗထူးကျောက်ချောလမ်းမှာ အကျယ်ပေ ၂၀၊ အရှည် ၂၈၄၅ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူများ လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၈၅၀၀၀၀၀ကျော် အကုန်အကျခံ ဖောက်လုပ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

အလားတူ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၇နာရီတွင် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် မင်းအောင်လှိုင်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးသည် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲတွင် ဆုရရှိကြသော ကလေးများနှင့် မိခင်များအား တိုင်းမှူး၏ ဇနီးဒေါ်ကြည်ကြည်လှနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်မှုကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် စစ်တွေမြို့ စက်ရုံစုရပ်ကွက် အေးသာယာ ကိုယ့်အားကိုယ်ကိုး လမ်းသစ်ဖွင့်ပွဲသို့တက်ရောက်၍ တာဝန်ရှိသူများက လမ်းသစ်ဖွင့်လှစ်ပေးမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ အေးသာယာ ကိုယ့်အားကိုယ်ကိုးလမ်းသည် စစ်တွေမြို့ပေါ်မှ စစ်တွေမြို့ ရွှေမင်းဂံ ကုန်တင်/ ကုန်ချဆိပ်ကမ်းလမ်းသို့ ဖြတ်လမ်းဖြစ်ပြီး လမ်းအရှည်ပေ ၄၂၀၀ရှိကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျောက်ကြမ်းလမ်းအဆင့်ဆောင်ရွက်ခဲ့ရာမှ စက်ရုံစုရပ်ကွက်မှ ပြည်သူများနှင့် အအေးခန်းစက်ရုံများမှ လှူဒါန်းငွေကျပ် ၆၁သိန်းဖြင့် လမ်းပြုပြင်ခြင်း၊ ကျောက်ခင်းခြင်းနှင့်ပေ ၁၅၀၀အထိ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ထို့အတူ(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်ပိုင်းတွင် မုံရွာတပ်နယ် စစ်ရေးပြကွင်း၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးတက်ရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းမှူးသည် မုံရွာတပ်နယ် တိုင်းအားကစားကွင်း၌ ကျင်းပသည့်(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲဆုပေးပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ပြိုင်ပွဲများ အပြီးတွင် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။

အလားတူ(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၇နာရီတွင် မန္တလေးမြို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တက်ရောက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးသည်(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြေးခုန်ပစ်ပြိုင်ပွဲများကို ကြည့်ရှုအားပေးပြီးတာဝန်ရှိသူများနှင့်အတူ ဆုရရှိကြသူများအား ဆုများချီးမြှင့်သည်။

အလားတူ မန္တလေးတိုင်းအတွင်းရှိ မြို့နယ်များ၌လည်း(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို မြို့နယ်များအလိုက် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။

သဝဏ်လွှာဖတ်ကြား

ထို့အတူ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်၇နာရီခွဲတွင် တောင်ငူမြို့ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုတက်ရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်ကိုကိုသည် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည့်(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြပွဲပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဆုရကလေးငယ်များအား တိုင်းမှူး၏ ဇနီးဒေါ်စဝ်နွန်းခွန်ဆမ်နှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်မှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ တောင်ငူမြို့ အားကစားကွင်းအတွင်း၌ ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ ကုမ္ပဏီများက ခင်းကျင်းပြသထားသော ပညာပေးပြခန်းများ၊ အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလားတူ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄နာရီ မိနစ် ၂၀တွင် ပုသိမ်မြို့ ကျောက်တိုင်အားကစားကွင်း၌ကျင်းပရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ တက်ရောက်သည်။

နံနက် ၇နာရီတွင် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တက်ရောက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် အဆိုပါ ကွင်းအတွင်း၌ နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအဖွဲ့၏ သရုပ်ဖော်ပြသမှုကို ကြည့်ရှုအားပေး၍ တက်ရောက်လာကြသည့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များအား တွေ့ဆုံမှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ကြည့်ရှုအားပေးပြီး ဆုရရှိကြသူများအား တိုင်းမှူးနှင့် ဇနီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ပုသိမ်မြို့ (၄)ရပ်ကွက် တရုတ်ကျောင်းလမ်း၌ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကျင်းပသည့် ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တာဝန်ရှိသူများ၏ လမ်းဖွင့်လှစ်ဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ လမ်းသည် ကမ်းနားလမ်းနှင့် ကုန်သည်လမ်းကို ဆက်သွယ်ထားခြင်းဖြစ်ပြီး အရှည်ပေ ၈၀၀၊ အကျယ် ၂၆ပေရှိ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၆၇သိန်းနှင့် ဒေသခံပြည်သူများ လှူဒါန်းငွေကျပ် ၁၅ ဒသမ ၆သိန်း အကုန်အကျခံဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထို့အတူ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၄နာရီ မိနစ် ၂၀တွင် မော်လမြိုင်မြို့ မောရဝတီပန်းခြံ လွတ်လပ်ရေးကျောက်တိုင်ရှေ့၌ ကျင်းပရာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်သည်။

နံနက် ၇နာရီတွင် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်သည် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် မော်လမြိုင်မြို့ ပြည်နယ်ခန်းမဆောင်၌ ကျင်းပသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကွန်ပျူတာပြိုင်ပွဲဆုရသူများနှင့် ပြည်နယ်ဂုဏ်ဆောင်သူများအား ဆုချီးမြှင့်ပွဲသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။ (သတင်းစဉ်)

✱ ကျောက်ခေတ်မှ

ၐင်းစုဆောင်းသိမ်းဆည်းထားရှိသော ကြေးလက်နက်တစ်ခု၊ ကျောက်လက်နက်ခြောက်ခု၊ မြေဆေးတံလေးခုနှင့် ရတနာပုံခေတ် ဒေါင်းဒင်္ဂါးတစ်ခုတို့ကို ရှေးဟောင်း သုတေသနဦးစီးဌာန (အထက်မြန်မာပြည်) သို့ ပထမအကြိမ်အဖြစ် အပ်နှံခဲ့ပြီး ဒီဇင်ဘာ ၂၅ ရက်တွင် ကြေးခေါင်းလောင်းတစ်လုံး၊ ကြေးလက်နက်သုံးခု၊ ကျောက်လက်နက် ၄၉ခု၊ မြေဆေးတံ လေးခုနှင့် ကြေးဆေးတံတစ်ခုတို့ကို ဒုတိယအကြိမ်အဖြစ် ရှေးဟောင်း သုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ကြိုင်သို့ လာရောက်အပ်နှံသွားသည်။

အဆိုပါ ပစ္စည်းများသည် ကျောက်ခေတ်နှင့် ကြေးခေတ်ဆိုင်ရာ ရှေးဟောင်းပစ္စည်းများဖြစ်ပြီး အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရေးအတွက် မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် တကောင်းမြို့ဟောင်းရှိ တကောင်းပြတိုက်၌ ခင်းကျင်းပြသထားမည်ဖြစ်သည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်မိမွေ(ခ) ဒေါ်ကြည် နှစ်နှစ်ပြည့်အားရည်စူး၍ အမှတ် (၁၇) ကုန်ဈေးတန်းလမ်း (၆)ရပ်ကွက်ပုဇွန်တောင်မြို့နယ်နေ ဦးအေးသောင်း၊ ဦးချမ်းသာမိသားစုက စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်းဆေးပဒေသာပင်အလှူငွေကျပ်တစ်သိန်းကို နိုဝင်ဘာ၁၇ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးမှူး ဦးသန်းရွှေ လက်ခံယူစဉ်။ (ကြေးမုံ)

ဦးဘသိန်း - ဒေါ်စိန်တုပ်(ဖလန်း)တို့အား ရည်စူး၍ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေး၊ ဖိုးမြေမွှောရုံလမ်း၊ အမှတ်(၆၃)နေ ဦးသိန်းဆွေ၊ ဒေါ်တင်ရွှေ၊ ဒေါ်တင်အေး၊ ဒေါ်ငွေးငွေးမူ မိသားစုတို့က အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့် လက်ခံယူစဉ်။ (က-ပ)

မျက်နှာနှင့်ခံတွင်း ပြန်လည်ပြုပြင်ခွဲစိတ်မှုများ ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၆

တပ်မတော်အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀)တွင် ယနေ့မှ စတင်၍ ဇန်နဝါရီ ၉ရက်အထိ တပ်မတော် အရိုးရောဂါ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ယာယီတပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်း၊ အကြံပေးပုဂ္ဂိုလ် ပါမောက္ခ ဦးသက်ထားဝေနှင့် အရိုးနှင့် မျက်နှာခွဲစိတ်ပါရဂူများ၊ စင်ကာပူနိုင်ငံမှ မျက်နှာနှင့်ခံတွင်း ပြန်လည်ပြုပြင်ခွဲစိတ်ပါရဂူအဖွဲ့တို့ ပူးပေါင်း၍ ခွဲစိတ်ကုသမှုများ ဆောင်ရွက်လျက်ရှိသည်။

ခွဲစိတ်ကုသပြီးလူနာများ၏ အခြေအနေများမှာ တိုးတက်ကောင်းမွန်ပြီး ခွဲစိတ်ကုသမှုအားလုံး ကောင်းမွန်ကြောင်း သိရသည်။ (သတင်းစဉ်)



(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်က လှူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ တနင်္သာရီတိုင်းအသင်းမှ အမျိုးသား အသက် (၂၀)အောက် မီတာ ၄၀၀ နှင့် မီတာ ၈၀၀ စံချိန်သစ်ရှင် ကိုကိုထွေးနှင့် အမျိုးသမီး အသက်(၂၀) အောက် မီတာ ၂၀၀ စံချိန်သစ်ရှင် လဲ့ရည်ထိုက်တို့အား အုပ်ချုပ်သူ၊ နည်းပြတို့နှင့်အတူ တွေ့ရစဉ်။ (ကြေးမုံ)

နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလအတွက်

(၉-၁-၂၀၀၅) ရက်နေ့

နှင့်

(၃၀-၁-၂၀၀၅) ရက်နေ့



ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်စက်မှုတက္ကသိုလ် မြို့ပြအင်ဂျင်နီယာဘာသာရပ် ၁၉၇၄-၈၀ ပြည့်နှစ် ကျောင်းသား၊ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဇန်နဝါရီ ၁၅ရက် (စနေနေ့)ညနေ ၄နာရီတွင် ဗဟန်းအားကစားကွင်းအနီး M-3 စားသောက်ဆိုင်၌ကျင်းပမည်ဖြစ်ရာ ဦးစိုးဝင်း ဖုန်း-၀၉-၅၀-၀၀၈၈၆၊ ၂၄၁၉၂၅၊၃၇၁၅၅၆၊ ဦးဝင်းနိုင် ဖုန်း-၆၄၁၃၂၁၊၀၉-၉၉-၂၃၈၄၈၊ ဦးအောင်ကျော်ဝင်း ဖုန်း-၆၆၃၈၄၀၊၇၀၃၈၀၀၊ ဒေါ်မိမိထွန်း ဖုန်း-၂၀၁၆၃၃၊ ဒေါ်ရင်ရင်ရွှေ ဖုန်း- ၂၄၉၆၅၁၊ ၂၈၂၅၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

● **ကျေးလက်ဒေသမှ**

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးက စိန်ဖူးတော်ကိုလည်းကောင်း၊ ဆွမ်းဆန်တော်အိတ် ၂၀နှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် အေးရွာကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသထံ ဆက်ကပ်လှူဒါန်းသည်။

အမျှပေးဝေ

ထို့နောက် တာဝန်ရှိသူများ၊ ဥပါသကာများနှင့် အလှူရှင်များက ရွှေထီးတော် ဘုံဆင့်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြပြီး ဆရာတော်ဘဒ္ဒန္တနန္ဒဝံသထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ပင့်ဆောင်တင်လှူ

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းအမှူးပြု၍ ဥပါသကာများနှင့် အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော် ဘုံဆင့်များကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူသည်။

နံနက် ၉နာရီခွဲတွင် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် တောင်သာမြို့နယ် တံတားအနောက်ကျေးရွာ ကျေးလက်ကျန်းမာရေးအဆောက်အအုံ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အဆောက်အအုံကို လှည့်လည်ကြည့်ရှုသည်။

ဖွင့်လှစ်

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးသည် တံတားအနောက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး အလှူရှင် ဦးရှိန်-ဒေါ်ပုလေးနှင့် တောင်သာမြို့နယ် ပညာရေးမှူး ဦးဇော်ဝိတ်တို့က ကျောင်းဆောင်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက ကျောင်းဆောင်သစ် ဖွင့်လှစ်ခြင်းကမ္ပည်းကျောက်စာကို နံ့သာရည်များပက်ဖျန်းပေးသည်။

ဗဟိုအတွင်းရေးမှူးသည် မွန်းလွဲပိုင်းတွင် တံတားကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပေးအပ်

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူးသည် ဝဲလောင် အခြေခံပညာ အထက်တန်းကျောင်းသို့ရောက်ရှိပြီး ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအတွက် ဆန်အိတ် ၆၈အိတ်ပေးအပ်သည်။ (သတင်းစဉ်)

နယ်စပ်/ စည်ပင်ဝန်ကြီးဌာန သင်တန်းများဆင်းပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် အမှာစကားပြောကြား

ရန်ကုန် ဇန်နဝါရီ ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့ညနေ ၃နာရီခွဲတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ကျင်းပသည့် အဆင့်မြင့်အုပ်ချုပ်မှုသင်တန်းအမှတ်စဉ်(၁၁)၊ အမှုဆောင်အရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ်(၂)နှင့် စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၀) သင်တန်းများဆင်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ယင်းသင်တန်းများ ဆင်းပွဲသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူ၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့သာယာလှပရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ တက်ကြွစွာပါဝင်ဆောင်ရွက်ရေးနှင့်ပတ်သက်၍ အသေးစိတ် အမှာစကားပြောကြားပြီး အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ်(၁၁)တွင် စံပြသင်တန်းသားဆုရရှိသူ ဦးနီထွန်း ဒုတိယညွှန်ကြားရေးမှူးကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့အားလည်းကောင်း၊ အမှုဆောင်အရာရှိများမွမ်းမံသင်တန်း အမှတ်စဉ်(၂)တွင် စံပြသင်တန်းသားဆုရရှိသူ ဦးမောင်မောင်အေး ဦးစီးအရာရှိ ကွမ်းခြံကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အား လည်းကောင်း၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၀)တွင် စံပြသင်တန်းသားဆုရရှိသူ ဦးမျိုးကြည် ဒုတိယဦးစီးမှူး သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အားလည်းကောင်း ဆုများချီးမြှင့်၍ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားခေါင်းဆောင်များအား ပေးအပ်သည်။

အဆင့်မြင့်အုပ်ချုပ်မှု သင်တန်းအမှတ်စဉ်(၁၁)သို့ ဦးစီးဌာနများမှ သင်တန်းသား ၁၅ဦး၊ အမှုဆောင်အရာရှိများ၊မွမ်းမံသင်တန်း အမှတ်စဉ်(၂)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၃၀၊ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၂၀)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၃၀ စုစုပေါင်း သင်တန်းသား ၇၅ဦး တက်ရောက် အောင်မြင်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တ၁၀ပတ်ဖြစ်သည်။

သင်တန်းများ ဆင်းပွဲအပြီးတွင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်အဖွဲ့သည် သင်တန်းသားများ၏ အိပ်ဆောင်၊ စာသင်ခန်း၊ ထမင်းစားခန်းနှင့် သင်တန်းကျောင်း သာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

မြောင်းမြမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆု၊ ပညာသင်ထောက်ပံ့ကြေးချီးမြှင့်ပွဲနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို ဇန်နဝါရီ ၃၀ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်ကြားတောရလမ်း ဗဟန်းမြို့နယ်ရှိ ဧရာဝတီတိုင်း ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းသူ၊ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

အစည်းအဝေးတွင် အသင်းသားများနှင့် အသင်းသား မိဘများ၏ အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ပွဲကို အမည်၊ မှတ်ပုံတင်မိတ္တူဖြင့်လည်းကောင်း၊ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ၏ သား၊ သမီးများကိုလည်းကောင်း ထူးချွန်ဆုအဖြစ် ချီးမြှင့်မည့်အပြင် ပညာသင်ထောက်ပံ့ကြေးကိုပါ တစ်ပါတည်း ချီးမြှင့်မည့်အပြင် သက်ကြီးပုဂ္ဂိုလ်များ၊ ဂုဏ်ထူးသုံးဘာသာနှင့်အထက်အောင်မြင်ကြသူများ ပညာသင်ထောက်ပံ့ကြေး လက်ခံရယူလိုသူများကို လည်းကောင်း၊ သက်ကြီးပူဇော်ရန်နှင့် ဂုဏ်ထူးဆုများ၊ ပညာသင် ထောက်ပံ့ကြေးဆုများအတွက် လှူဒါန်းလိုကြသူများသည် ဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း-၅၅၈၅၄၃၊ ဒု-ဥက္ကဋ္ဌ ဦးမျိုးကြည် ဖုန်း-၅၇၈၆၃၈၊ ဒု-ဥက္ကဋ္ဌ ဦးသန့်ဇင် ဖုန်း-၀၉-၉၉-၇၂၅၇၃၊ ၀၉-၉၉-၂၂၁၉၇၊ အတွင်းရေးမှူး ဦးလှဖေ ဖုန်း-၇၀၅၈၅၈ နှင့် တွဲဖက်အတွင်းရေးမှူး ဦးဇော်ထွန်း ဖုန်း-၇၀၉၁၁၄ တို့ထံ ဇန်နဝါရီ ၁၀ ရက် နောက်ဆုံးထား၍ အထောက်အထားပြည့်စုံစွာဖြင့် လျှောက်ထားစာရင်းပေးသွင်းနိုင်သည်ဟု သိရသည်။ (က-ပ)

မင်္ဂလာတောင်ညွန့် မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၄-၂၀၀၅ခုနှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ သုံးနှစ်ဆက်တိုက် မြို့နယ် ဘက်စုံထူးချွန်ပထမဆုနှင့် စာဆိုဘာသာစုံ ထူးချွန်ပထမဆုရရှိသော သတ္တမတန်း(အေ)မှ မအိမ့်မြင့်မိုရ်စိုးအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင် ဆုချီးမြှင့်စဉ်။ (က-ပ)

ညောင်ဦးမြို့ ရွှေစည်းခုံစေတီတော်ကြီးအား ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာ ၉၉၀၀စီ ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၆

မန္တလေးတိုင်း ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်ကြီးအား ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ ဒသမအကြိမ် ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာ ၉၉၀၀ စီ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်တွင် ယင်းစေတီတော်ကြီးရင်ပြင်၌ကျင်းပရာ ရှေးဦးစွာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ဝင်များက ညလုံးပေါက် ဆွမ်းတော်ပွဲများ ပြင်ဆင်ခြင်း၊ စေတီတော်ကြီးပတ်လည်ရှိ ဆွမ်းဆန်တော်၃၂ တင်းချက်ဆံ့ ကျောက်သပိတ်တော်များ၌ ဆွမ်းဆက်ကပ်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါနေ့ အရုဏ်တက်ချိန်တွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဥက္ကံနှင့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ(စဉ့်ကူဆရာတော်)တို့ အမှူးပြုသော သံဃာတော်ကိုးပါးတို့က စေတီတော်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ကြပြီး အာရုံခံတန်ဆောင်း၌ အဖွဲ့နာယက ဦးစိုးဝင်းနှင့် ဥက္ကဋ္ဌ ဦးဘိုကြည်တို့က အဖွဲ့၏ဆောင်ရွက်ချက်များကို တင်ပြလျှောက်ထား၍ စဉ့်ကူဆရာတော်ထံမှ ပရိသတ်တို့က ရေစက်ချ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချအမျှပေးဝေကြသည်။

ညပိုင်းတွင် ဆီမီး၊ နံ့သာ ၉၉၀၀စီ ပူဇော်ပွဲကို ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇာဂရ၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တဥက္ကံ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ဝင်များ၊ စေတီတော်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာလှည့်ခရီးသည်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မဟာဒုက်ဘုရားမဲပေါက်သူဘုရားဒါယကာများအား တစ်ဦးချင်းပေးအပ်ကာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ ဆီမီး ၉၉၀၀အဖွဲ့ နာယက၊ ဥက္ကဋ္ဌ၊ အလှူရှင် ဦးအောင်ဝင်းနှင့် ဂေါပကအဖွဲ့ဝင်များက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဆီမီးနှင့် နံ့သာတိုင် ၉၉၀၀ စီဖြင့် စေတီတော်ကြီးအား ထွန်းညှိပူဇော်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)



☆ **(၅၇)နှစ်မြောက်မှ**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံသမ္မတ ပါမောက္ခ ဒေါက်တာ အိုင်အေဂျူဒင်အာမက် ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ချိန်ခါသမယတွင် အဆွေတော်ထံသို့ လှိုက်လှဲဝမ်းမြောက်စွာ သဝဏ်လွှာ ပေးပို့ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ မိတ်ဆွေရင်းချာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသည် ကာလရှည်ကြာစွာခိုင်မြဲနေပြီး နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း၊ အဆွေတော် အသက်ရှည် ကျန်းမာစေကြောင်းနှင့် မြန်မာနိုင်ငံတော်နှင့် ပြည်သူအပေါင်းတို့ အေးချမ်းသာယာစွာ ဆက်လက် တိုးတက်ကြွယ်ဝချမ်းသာစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါကြောင်း ဖော်ပြပါရှိသည်။

ပါကစ္စတန်

၂၀၀၅ခုနှစ် ဇန်နဝါရီလ၄ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ပါကစ္စတန်အစ္စလာမ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီး ပါဗက်မူရှာရက်ဖ် ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ချိန်ခါသမယတွင် အဆွေတော်ထံသို့ လှိုက်လှဲနွေးထွေးစွာ နှုတ်ခွန်းဆက်သလိုက်ပါကြောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးသော မိတ်ဆွေရင်းချာဆက်ဆံရေးသည်ဆက်လက်ခိုင်မြဲနေပြီး နှစ်နိုင်ငံပြည်သူအများ၏ အကျိုးစီးပွားကို ဖြစ်ထွန်းစေမည်ဟု ယုံကြည်ကြောင်း၊ အဆွေတော်၏ ကျန်းမာပျော်ရွှင်ရေးနှင့် မြန်မာနိုင်ငံတော်နှင့် ပြည်သူအပေါင်း ဆက်လက်စည်ပင်တိုးတက်စေကြောင်း ဆုမွန်ကောင်းများ ပို့သအပ်ပါကြောင်းဟု ဖော်ပြပါရှိသည်။

မော်လ်ဒိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံသို့ မော်လ်ဒိုက်သမ္မတနိုင်ငံ သမ္မတ မစ္စတာ မော်မွန်းအဗ္ဗဒူလ်ဂါယွမ်းက ပေးပို့သော သဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အစိုးရအဖွဲ့နှင့် ပြည်သူများ ကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သ အပ်ပါကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး တိုးတက်အောင်မြင်စေရန် ဆုတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။ (ကြေးမုံ)

ရန်ကုန်မြို့တော်၏ သား၊ ငါး လိုအပ်ချက်ကို လုံလောက်စွာဖြန့်ဖြူးနိုင်ရေး မွေးမြူရေးဆိုင်ရာ ခေတ်မီပညာရပ်များ ဖြန့်ဝေ၍ စနစ်တကျ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ရန်ကုန်တိုင်း မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် မွေးမြူရေးအစာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း၊ တိရစ္ဆာန်ဆေးဝါးလုပ်ငန်းသုံး ပစ္စည်းကိရိယာ ထုတ်လုပ်ရောင်းချသူများအသင်း၊ တိရစ္ဆာန်မွေးမြူသူများအသင်းနှင့် အသားတိုး ကြက်မွေးမြူသူများအသင်း(ရန်ကုန်မြို့တော်) ဒုတိယသုံးနှစ်သက်တမ်းဖွဲ့စည်းခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နာယက၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ တက်ရောက်အမှာစကားပြောကြားကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာနိုင်ငံကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်လာစေရေး၊ အမျိုးသားရေးပန်းတိုင်အဖြစ်ထားရှိပြီး ပြည်ထောင်စုကြီး၏ နယ်မြေ ဒေသအားလုံး၊ တိုင်းရင်းသားလူမျိုးအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလျက်ရှိသည်နှင့်အညီ နိုင်ငံတော်အတွင်း၌ ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှု ပိုမိုတိုးချဲ့ လုပ်ကိုင်ဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတော်၏ စုစုပေါင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး GDP ၌ သားငါးကဏ္ဍ၏ ပါဝင်မှုသည်၉ ရာခိုင်နှုန်းရှိပြီး စုစုပေါင်း အသားတင်ထုတ်လုပ်မှုတွင် ပုဂ္ဂလိကပိုင်းကဏ္ဍ ၉၉ ရာခိုင်နှုန်း ပါဝင်နေကြောင်း။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်မှ ပညာရှင်များ၊ မွေးမြူထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းကဏ္ဍ အသီးသီး၊ နယ်မြေဒေသ အသီးသီးက စီးပွားရေးနှင့် ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူများ၊ ကျွမ်းကျင်သူများဖြင့် ဖွဲ့စည်းထားခြင်း ဖြစ်သည့်အတွက် ခိုင်မာတောင့်တင်းပြီး လုပ်ငန်းနယ်ပယ်ဖြန့်ကြက်မှု ကျယ်ဝန်းသည့် အသင်းကြီး တစ်သင်းဖြစ်ကြောင်း။

၂၀၀၄ ခုနှစ်စာရင်းများအရ ရန်ကုန်မြို့တော်၌ လူဦးရေငါးသန်းခန့် မှီတင်းနေထိုင်လျက်ရှိရာ လူတစ်ဦး တစ်ရက်လျှင် အသား၊ ငါး ၁၀ကျပ်သား စားသုံးနှုန်းဖြင့် တွက်ချက်ပါက ရန်ကုန်မြို့တော်အတွက် တစ်ရက်လျှင် အသား ငါးပိဿာချိန် ငါးသိန်းခန့် လိုအပ်မှာဖြစ်ကြောင်း၊ ရန်ကုန်မြို့တော်နေပြည်သူများ၏ အသား၊ ငါးလိုအပ်ချက်ကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် အသား၊ ငါးဈေးများ အသား၊ ငါးဒိုင်များအပြင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်ကြီးကိုလည်း ၂၀၀၀ပြည့်နှစ် မေလမှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အသား၊ ငါးများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိကြောင်း။

ထို့ကြောင့် အသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိသူများ၊ မွေးမြူထုတ်လုပ်သူများအနေဖြင့် နိုင်ငံတော်၏ အသားကဏ္ဍဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး တက်ညီလက်ညီ ဆောင်ရွက်ကြရန်နှင့် မွေးမြူထုတ်လုပ်သူများ၏ လူမှုစီးပွားရေးအဆင့် မြှင့်တင်ပေးနိုင်သည့်အဖွဲ့အဖြစ် ခိုင်မာရပ်တည်နိုင်ရေး၊ မွေးမြူရေးဆိုင်ရာ ခေတ်မီပညာရပ်များ ဖြန့်ဝေ၍ စနစ်တကျ ကြိုးပမ်းဆောင်ရွက်ကြရန်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ကြိုးကြပ်မှုဖြင့် နိုင်ငံတော်၏ အသား၊ ငါးကဏ္ဍ ထုတ်လုပ်မှု မြင့်မားတိုးတက်ရေး၊ ခေတ်မီနည်းစနစ်များ အသုံးပြု၍ တိုးချဲ့ မွေးမြူထုတ်လုပ်ရေး၊ မွေးမြူရေးဖြင့် နိုင်ငံတော်၏ စီးပွားရေး တိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အလှူငွေများပေးအပ်

ဆက်လက်၍ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဦးအုန်းလွင် (မွန်းလိုက် မွေးမြူရေး အစာလုပ်ငန်း)၊ ဦးကျော်စိုးလင်း (စိန်ပန်းမွေးမြူရေး အစာလုပ်ငန်း)၊ Mr.B.S.Lee(Green Field International Co., Ltd, Super Feed အစာစပ်လုပ်ငန်း)၊ ဦးခိုင်လင်း (ကမ္ဘောဇ မွေးမြူရေးလုပ်ငန်း)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးအောင်ကျော်ဦး (ရတနာဖြိုးဝေ မွေးမြူရေးနှင့်ရေလုပ်ငန်း)က ငွေကျပ်နှစ်သိန်း၊ ဒေါက်တာမိုးမြင့် (Win Group) နှင့် ဦးသိန်းဖေ (S.T.L Co., Ltd)တို့က ငွေကျပ် တစ်သိန်းငါးသောင်းစီ၊ ဦးထွန်းဝင်း (မြန်မာ့သြဘာ လုပ်ငန်းစု)၊ ဒေါ်နန်းခမ်းစံ (ရွှေမှုန်ဦး ဝက်မွေးမြူရေးလုပ်ငန်း)၊ ဦးခင်စိုး (မဟာစကြဝဠာ မွေးမြူရေး အစာပွဲရုံ)၊ ဦးမင်းစိန် (ကြံတိုင်းအောင် မွေးမြူရေးအစာပွဲရုံ)၊ ဦးဇော်ဇော်ဝင်း (တော်ဝင်နဂါးညီနောင် ကုမ္ပဏီ)နှင့် ဦးဟိန်းကိုသက်တို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်း အလှူငွေကျပ် ၂၃ သိန်းကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် ဧည့်သည်တော်များသည် ခန်းမအပြင်၌ ပြသထားသည့် ပုဂ္ဂလိက မွေးမြူရေးဆိုင်ရာ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများ၏ မွေးမြူရေးအစာအစာများ၊ တိရစ္ဆာန်ဆေးဝါးများ၊ မွေးမြူရေးလုပ်ငန်းသုံး ကိရိယာပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ် ဒုတိယပိုင်းကို နံနက် ၉ နာရီခွဲတွင် ကျင်းပရာ ရှေးဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၁) ဦးဝင်းစိန်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အောင်သန်းနှင့်တာဝန်ရှိသူများက လက်ခံယူကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ ဇော်ဝင်းမြတ်က အသင်းများ၏ အမှုဆောင် အမည်စာရင်းများကို ဖတ်ကြားပြီး အသင်းဥက္ကဋ္ဌများက ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ (၁) ဦးဝင်းစိန်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

✧ ရန်ကုန်တိုင်းမှ

နွေစပါးပန်းတိုင် အထွက်နှုန်းရရှိစေရေး၊ စိုက်ပျိုးရေ ပေးဝေနေမှုနှင့် ထန်းတပင်မြို့နယ်အတွင်း နွေစပါး စိုက်ပျိုးရန် လျာထားဧက ၄၅၀၀၀ အနက် ၁၂၀၀၅ဧက စိုက်ပျိုးပြီးစီးသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နွေစပါးပန်းတိုင် အထွက်နှုန်းပြည့်မီကျော်လွန်စေရေးအတွက် စိုက်စနစ်မှန်ကန်စေရေး၊ အထွက်ကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးစေရေး၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာများ ပေါင်းစပ်သုံးစွဲစေရေးအတွက် စနစ်တကျ ပညာပေးဆောင်ရွက်ရေးတို့ကို မှာကြားပြီး တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စိုက်ပျိုးထား

ရန်ကုန် မြောက်ပိုင်းခရိုင်အနေဖြင့် နွေစပါး ၁၆၈၂၈၁ဧက စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယနေ့အထိ ၆၄၃၃၁ဧက စိုက်ပျိုးထားပြီး ရန်ကုန်တိုင်းအနေဖြင့် နွေစပါးဧက ၂၅၀၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားရာ ယနေ့အထိ ၉၃၀၆၇ဧက စိုက်ပျိုးထားပြီး ဖြစ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် သံပုရာကုန်ကျေးရွာအနီးရှိ လယ်မြေ ၃၁ဧက အတွင်း မြင်းကောင်ရေ ၁၅ ကောင်အားရှိ လျှပ်စစ်ရေတင်စက်တစ်လုံး၊ ၁၀ကောင်အားရှိ လျှပ်စစ်ရေတင်စက်တစ်လုံးနှင့် သုံးကောင်အားရှိ လျှပ်စစ်ရေတင်စက်နှစ်လုံးတို့ဖြင့် နွေစပါး စိုက်ဧကများအတွင်း စိုက်ပျိုးရေ ပေးဝေနေမှု အခြေအနေနှင့် လယ်မြေ ၃၁ဧက အတွင်း ရတနာအောင် စပါးမျိုးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအနေဖြင့် နွေစပါးစိုက်ပျိုးရာသီကာလအတွင်း လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများ ပိုမိုကျယ်ပြန့်စွာ သုံးစွဲနိုင်ရေး စီမံဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ထန်းတပင်မြို့နယ်အတွင်း ဗိုလ်ချုပ်လမ်းနှင့် ကျွန်းငူကမ်းနားတို့ကို ဆက်သွယ်ထားသည့် အရှည်ပေ ၇၇၀၀၊ အကျယ် ၁၂ပေရှိ ဘုရင့်နောင်လမ်းကို အရှည်ပေ ၁၅၀၀ ကတ္တရာလမ်း ခင်းကျင်းပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြံတိုင်းဆောင်က ကတ္တရာခင်းရန် ကျန်ရှိသည့်အပိုင်းများကို ဆက်လက်ခင်းနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စံချိန်စံညွှန်းမီရေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဘုရင့်နောင်လမ်းကို သတ်မှတ်ချိန် ထက်ဆောလျင်စွာဖြင့် အရည်အသွေး စံချိန်စံညွှန်းမီစွာ ပြီးစီးစေရေး ဆောင်ရွက်ကြရန် မှာကြားပြီး တင်ပြချက်များနှင့် ပတ်သက်၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် ကျွန်းငူ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ထန်းတပင်မြို့နယ် ကုက္ကိုဝမြစ်မှ မြစ်ရေကို မြင်းကောင်ရေ ၄၀ အားရှိ မော်တာနှစ်လုံး၊ ၇ ဒသမ ၇ ကျူဆက် ပန့်နှစ်လုံးဖြင့် စုပ်ယူ၍ အကျိုးပြုဧက ၆၀၀ အတွင်း စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တိုင်း ရေအရင်းအမြစ် အသုံးချရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြသကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ တိုင်း ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုးက ပင်မမြောင်း အရှည်ပေ ၁၆၀၀၀ ဆောင်ရွက် ပြီးစီးမှုနှင့် ကျွန်းငူကျေးရွာ ပတ်ဝန်းကျင်ရှိ လယ်မြေများသို့ စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နွေစပါးစိုက်ပျိုးရာသီကာလအတွင်း စိုက်ပျိုးရေ လုံလောက်စွာ ပေးဝေနိုင်ရေး နည်းလမ်းမျိုးစုံ အသုံးပြုဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ (သတင်းစဉ်)

လသာမြို့နယ် ၁၈ လမ်း အမှတ်–၁၅ နေ ကွယ်လွန်သူ ဦးအောင်ဘုအားရည်စူး၍ ဒေါ်ကြည်ကြည် သားသမီးမြေးတစ်စုတို့က ဒေါ်ကြည်ကြည်၏ အသက် (၈၀)ပြည့် မွေးနေ့အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးကျော်ရှိန် (ငြိမ်း) သို့ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

အင်္ဂပူမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဇန်နဝါရီ ၆

အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်)၏ (၃၃)နှစ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ဗိုလ်တထောင်မြို့နယ် ဗိုလ်ကလေးဈေးလမ်း ဓမ္မသာလာခန်းမတွင် ကျင်းပရာ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းဝင်များ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဥက္ကဋ္ဌ ဦးကျော်ဝင်းက သဘာပတိအဖြစ်ဆောင်ရွက်ပြီး အတွင်းရေးမှူး ဦးသောင်းတင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

လှူဖွယ်ပေးအပ်

ရှေးဦးစွာ အသက် (၇၅)နှစ် အထက် အသက်ကြီးပုဂ္ဂိုလ် ရှစ်ဦးအား အသင်းဝင်များက လက်အုပ်ချီ ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ဆုများချီးမြှင့်

ယင်းနောက် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးလေးဘာသာ၊ နှစ်ဘာသာဖြင့် အောင်သူများအား ဥက္ကဋ္ဌဦးကျော်ဝင်း **(ဝဲပုံ)** နှင့် ဒုတိယဥက္ကဋ္ဌ တက္ကသိုလ်မောင်မြင့်သိန်းတို့က ဆုများချီးမြှင့်ကြသည်။ (က–ပ)

ပုဇွန်တောင်မြို့နယ် ဗိုလ်တထောင်ဘုရားလမ်းရှိ SILTA တွင် မူကြိုကလေးငယ်များ၏ နှစ်သစ်အကြိုကျောင်းကပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသူ၊ ကျောင်းသားများ ပျော်ရွှင်စွာ တက်ရောက်အားပေးကြစဉ်။ (က–ပ)

အစဉ်သတိပြုကာကွယ် မီးဘေးအန္တရာယ်

ထားဝယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဇန်နဝါရီ ၆

ထားဝယ်အသင်း၏ (၇၈)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် Ph.Dပါရဂူဘွဲ့ရ ဂုဏ်ပြုပွဲကို ဇန်နဝါရီ ၁၆ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဇမ္ဗူရတနာပါဠိတက္ကသိုလ် (ထားဝယ်ဘုန်းတော်ကြီးကျောင်း) အလုံလမ်း အလုံမြို့နယ်တွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ အသင်းရုံး ဖုန်း- ၂၂၂၂၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဂျိုးဖြူရေလှောင်ကန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်၁၁နာရီတွင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်ရှိ ဂျိုးဖြူရေလှောင်ကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များ မှာကြားကာ တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးသည်။ (အပေါ်ပုံ)

ရှင်းလင်းပြသ

မြို့တော်ဝန်နှင့်အဖွဲ့အား တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးချုပ်ထိန်ဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာ ရေနှင့်သန့်ရှင်းမှုဌာန ဌာနမှူး ဦးသောင်းရင်၊ ရာဖြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ဂျိုးဖြူရေလှောင်ကန် တာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဂျိုးဖြူ ရေလှောင်ကန်၊ ရေဝေရေလဲဒေသ သစ်တောဧရိယာ အခြေအနေ၊ ဂျိုးဖြူရေလှောင်တမံ ရေယူအဆောက်အအုံ၊ ကျောက်ချဉ်ခတ်စက်ရုံ၊ ရေအရည်အသွေးစစ်ဆေးမှု၊ ရေစစ်ကန်အတွင်း ရေစစ်ယူနေမှု၊ အနည်အနှစ်များ ဆေးကြောနေမှု၊ ရန်ကုန်မြို့တော်သို့ နေ့စဉ်ရေပို့လွှတ်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

မှာကြား

ထို့နောက် ဂျိုးဖြူရေလှောင်ကန် ဧည့်ရိပ်သာတွင် ဂျိုးဖြူရေလှောင်ကန်တာဝန်ရှိသူများအား တွေ့ဆုံ၍ ကန်လုံခြုံမှုရှိစေရေး၊ ကန်ရေပြင် သန့်ရှင်းကြည်လင်စေရေး၊ ရန်ကုန်မြို့တော်သို့ နေ့စဉ်ပေးပို့လျက်ရှိသည့် သောက်သုံးရေများ ကျန်းမာရေးနှင့်အညီ သန့်ရှင်းစေရန်တာဝန်ရှိသူ အဆင့်ဆင့် စဉ်ဆက်မပြတ် ကြပ်မတ်စစ်ဆေးရေး၊ ရေဝေရေလဲဒေသ စိမ်းလန်းစိုပြည်စေရေး၊ ဆက်သွယ်ထားရှိသည့် ၅၆လက်မ အချင်းရှိ သံမဏိရေပိုက်လိုင်းကြီးများ ကြံ့ခိုင်မှုရှိစေရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည်ဂျိုးဖြူကန်မှ ကန်သာယာကျေးရွာ အကြား ၅၆လက်မ အချင်းရှိ သံမဏိရေပိုက်လိုင်းများ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် ပညာရေးစုံညီပွဲတော်၌ ပဉ္စမတန်းတွင် ကျောင်းတွင်းဘက်စုံပထမဆု၊ မြို့နယ်အဆင့် မြန်မာစာထူးချွန်ဆုရရှိသော မခိုင်မာလာထွန်းအား ကျောင်းအုပ်ဆရာကြီး ဦးအေးကျော်က ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲ ပဲခူးဟံသာဝတီဂေါက်ကွင်း၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

MYANMAR PGA နှင့်မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၄ ခုနှစ် MYANMAR PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် (MGF) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၂ရက်မှ ၁၅ရက်အထိ ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional Golfers အတန်းပြိုင်ပွဲ၊ အမျိုးသားအပျော်တမ်း Handicap (သုညမှ ၁၂)ရှိသူများ ပြိုင်ပွဲနှင့် အမျိုးသမီး Handicap (သုညမှ၁၈) ရှိသူများဟူ၍ ပြိုင်ပွဲသုံးမျိုးခွဲခြားကာ ကျင်းပမည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားမောင်မယ်များသည် ဇန်နဝါရီ၁၀ရက် ညနေ ၄နာရီနောက်ဆုံးထား၍ ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်းရှိ ပြိုင်ပွဲရုံးခန်းမသို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို Tour Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte., Ltd. ကဖြစ်ပြီး Co-Sponsors များအဖြစ် Air Mandalay၊ Myanmar Brewery Ltd.၊ Alpine Purified Drinking Water၊ KM Golf Centre၊ Maruman Tour Stage၊ Wilson၊ Srixon၊ Grandslam (MUSINGWEAR)၊ Accel International Co., Ltd. (Canon)၊ Sunfar Travel and Tours၊ Proshop များနှင့် Hanthawaddy Golf and Country Club တို့ကလည်း အသီးသီးထပ်မံ၍ ကူညီပံ့ပိုးပေးကြမည်ဖြစ်ကာ ယင်းပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

ယင်း ဂေါက်သီးရိုက်ပြိုင်ပွဲနှင့်ပတ်သက်၍ Han Event Management ဖုန်း-၅၄၂၉၈၉၊ ၇၀၆၇၈၈ နှင့် ၀၉၉၉-၇၂၅၅၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း၏ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ငါးနှစ်ဆက်တိုက် စံပြပထမဆုရရှိသော ပဉ္စမတန်းမှ မောင်ကောင်းသန့်ကျော်စွာအား ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်မြင့်ချိုက စံပြစလွယ်နှင့် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၃၂)

ဇန်နဝါရီ၂ရက်က (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဒလမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော ကလေးပြိုင်ပွဲနှင့်သားကောင်းမိခင်ပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို မြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ကျင်းပရာ ပထမဆုရရှိသော အမြွှာကလေးများအား မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်မြင့်က ဂုဏ်ပြုဆုများချီးမြှင့်စဉ်။ (၅၂၉)

ဇန်နဝါရီ ၂ ရက်က တာမွေမြို့နယ်အမှတ်(၁၈) အခြေခံပညာမူလတန်းကျောင်း၏၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ရန်ကုန်တိုင်းမူးယစ်ဆေးဝါး ပန်းချီလက်တွေ့ပြိုင်ပွဲတွင် ဒုတိယဆုရရှိသူ မောင်ကောင်းထက်ကျော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဆွေက ဆုချီးမြှင့်စဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြဟန် ဂီတသံ
- **၄:၂၀** ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၃၀** ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၄၀** ၆။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- **၅:၀၀** ၈။ **အဆေးသင်ပညာရေးပို့ချမှု အစီအစဉ်**
  - ထပ်ဆင့်ကြိယာများ (Derivative Verbs)
  - (အရှေ့တိုင်းပညာအထူးပြု)
- **၅:၃၀** ၉။ ပညာခေတ်
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆:၃၀** ၁၅။ **"ထူးခြားသောကလေးငယ်" ကာတွန်းဇာတ်လမ်း**
- **၆:၅၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပင်လယ်ကြီးလောက်ချစ်တယ်" (အပိုင်း-၁၂)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၀။ မြန်မာ့ရှုခင်း
  - ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
  - ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပညာဉာဏ်ကြီး ဘုန်းမီးနေလ" (အပိုင်း-၁၀)**
  - ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

ဘက်စုံပထမဆု

ဇန်နဝါရီ ၂ ရက်က ဒဂုံမြို့သစ် (တောင်ပိုင်း) အမှတ်(၃)အခြေခံပညာမူလတန်းကျောင်း၌ ၂၀၀၄-၂၀၀၅ ပညာသင်နှစ်(စတုတ္ထတန်း) မြို့နယ်ဘက်စုံ ပထမဆုရ မခြူးစန္ဒီလင်းအား ကျောင်းအုပ်ဆရာကြီး ဦးလှထွန်းဆုချီးမြှင့်စဉ်။ (က-ပ)

ပုဇွန်တောင်မြို့နယ် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် ဆောက်လုပ်ဆဲသုံးထပ်မဂ္ဂင်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်နှစ်သိန်းကို မယဉ်နွယ်ဝင်းနှင့် သူငယ်ချင်းများ[နောက်ဆုံးနှစ်အပိုင်း(ခ) ဆေးတက္ကသိုလ်-၁]က လယ်တီစံသာသနာ့ရိပ်သာအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းအောင်သို့ ဒီဇင်ဘာ ၂၅ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

နီးနှောဖလှယ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)စိတ်ကျန်းမာရေးပညာအဖွဲ့ ဒုတိယအကြိမ် နီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများနှင့် ဆရာဝန် ၂၀၀ ခန့် တက်ရောက်ကြသည်။

ဆွေးနွေး

နီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၆ ရက်အထိ ကျင်းပခဲ့ရာ ပြည်ပမှ ဆရာဝန်ရှစ်ဦးနှင့် စိတ်ကျန်းမာရေးပညာအဖွဲ့မှ ဆရာဝန်များက သုတေသနနှင့် ဆေးပညာစာတမ်းပေါင်း ၂၅စောင်ကို ဖတ်ကြားဆွေးနွေးကြကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက်(၂၄) အခန်း(၃၉)နေ ဒေါ်ကြိုင်ကြိုင်(ခ)ဒေါ်အေးကြိုင် အသက်(၇၂)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် အမှတ်(၁၂) စံကားဝါလမ်း တိပိဋကကျောင်းတော်၏ တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်သိန်း၂၀ ကို တိပိဋကရေဆရာတော် ဘဒ္ဒန္တ ကုမာရာ ယိုမ်နာရိယထံ အနုမောဒနာယူပြီး ရေစက်ချ၍ တိ-နီ ရန်ကုန်ဌာနဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

(၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံတော်အကျိုး၊ နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များအကျိုးအတွက် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ၂၀၀၅ခုနှစ် မတ်လတွင် ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျောက်မျက်ရတနာပြပွဲတွင်သင့်တော်သည့် အခြေခံရောင်းဈေးသတ်မှတ်သည့် ကျောက်မျက်ရတနာများကို ဈေးပြိုင်စနစ်ဖြင့် ယှဉ်ပြိုင်ဝယ်ယူကြမည်ဖြစ်၍ နိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် ရောင်းရငွေများ တိုးတက်ရရှိမည်ဖြစ်သည်။ ထို့ပြင် ရတနာကုန်သည်များအနေဖြင့် အရည်အသွေးကောင်းသည့် ကျောက်မျက်ရတနာများကို ဝယ်ယူမှုများသဖြင့် ရတနာပြပွဲတွင် အရည်အသွေးကောင်းမွန်သည့် ကျောက်မျက် ရတနာများကို သင့်တော်သည့် အခြေခံရောင်းဈေးညှိနှိုင်းသတ်မှတ်တင်ပြ ရောင်းချရန် အထူးလိုအပ်သည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ယခင် ရတနာပြပွဲများအတိုင်း ရောင်းရငွေများ အမြန်ရရှိရေး၊ ပြည်ပတင်ပို့ရေး၊ ရောင်းရငွေများကို ပြည်ပပို့ကုန် ရောင်းရငွေအဖြစ် သတ်မှတ်ရေးများနှင့် အခြားလိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးမည်ဖြစ်သည်။ ထို့ပြင် ရတနာပြပွဲသို့ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ တက်ရောက်စေရန် ပြည်တွင်း၊ ပြည်ပမှ သက်ဆိုင်ရာ ဌာနများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်လျက်ရှိသည်။

၂၀၀၅ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၂)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် နိုင်ငံသားများက တင်ပြရောင်းချလိုသည့် ကျောက်မျက်ရတနာများကို ၂၀၀၅ခုနှစ် ဇန်နဝါရီ ၅ရက်မှစ၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်လက်ခံခြင်း၊ အခြေခံရောင်းဈေး ညှိနှိုင်းသတ်မှတ်ခြင်းများ ဆောင်ရွက်မည်ဖြစ်၍ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်ဆောင်ရွက်နိုင်သည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် အမှတ်(၁၀) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က ကျောင်းဝင်းအတွင်း ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်စဉ်။ (က-ပ)

လက်တွဲဖော်ဇာတ်ကား သမ္မတနှင့် သွင်တို့တွင် ဆက်လက်ပြသ

ရုပ်ရှင်

ရန်ကုန် ဇန်နဝါရီ ၆

ယခုသောကြာပတ်တွင် နယူးထိပ်တန်းရုပ်ရှင်အတွက် ဒါရိုက်တာခင်မောင်ဦး၊ စိုးသိမ်းထွဋ် ရိုက်ကူး၍ရာဇာနေဝင်း၊ခန့်စည်သူ၊ထက်ထက်မိုးဦးတို့ပါဝင်သော **လက်တွဲဖော်** ဇာတ်ကား သမ္မတ၊ သွင်ရုံများတွင် ဆက်လက်ပြသလျက်ရှိသည်။

ဆက်လက်၍ အကယ်ဒမီဆုများရရှိခဲ့သော အမျိုးသားရုပ်ရှင်မှ ဒါရိုက်တာကျော်သူရိုက်ကူး၍ ကျော်သူ၊ မင်းမော်ကွန်း၊ မင်းခ၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗိုတို့ သရုပ်ဆောင်ထားကြသည့် **အမေ့နို့ဖိုး**ဇာတ်ကား တစ်ကျော့ပြန်၍ ရွှေဆောင်ရုံ၌ ရုံတင်ပြသသည်။

မင်္ဂလာရုံတွင် The Day After Tomorrow အက်ရှင်ဇာတ်ကားရုံတင်ပြသလာသည်။ သည်းထိတ်ရင်ဖိုဇာတ်ကားအဖြစ် ကြည့်ကြရမည်ဖြစ်သည်။

နေပြည်တော်ရုံတွင် The Chronicles Of Riddick အမည်ရှိ နိုင်ငံခြားအက်ရှင်ဇာတ်ကြမ်းကား ရုံတင်ပြသဆဲရှိသည်။ ဂြိုဟ်တစ်ခုပေါ်တွင် စွန့်စားမင်းကြီး၏ ကြီးကျယ်ခမ်းနားသော ခေတ်ကာလကိုနောက်ခံထား ရိုက်ကူး၍ ရှရွတ်ခန် အထူးသရုပ်ဆောင် ပါဝင်ထားသည်။

မြို့မရုံတွင် AAN အမည်ရှိ အိန္ဒိယဇာတ်ကားသစ် ရုံတင်ပြသလျက်ရှိသည်။ ဒုစရိုက်ဂိုဏ်းသားများနှင့် တရားဥပဒေဘက်သားတို့ ပြိုင်ဆိုင် တိုက်ခိုက်ကြပုံကို သည်းထိတ်ရင်ဖို ရိုက်ကူးထား၍ အင်္ဂလိပ်စာတန်းထိုးထားသည်။

ဘုရင်ရုံတွင် Mujhse Dosti Karoge အမည်ရှိ အိန္ဒိယဇာတ်ကား ရုံတင်ပြသသည်။ ခရစ်ရော်ရှန်၊ ကရီနာကပူး၊ ရာနီမူကာဂျီတို့ ပါဝင်သော မေတ္တာဘွဲ့ ဇာတ်ကားဖြစ်သည်။

ဆုထူးပန်ရုံတွင် Chaahat အမည်ရှိ အိန္ဒိယအချစ်ဇာတ်ကြမ်း ပြသနေသည်။ ရှရွတ်ခန် ခေါင်းဆောင်ပါဝင်ထားသော ဇာတ်ကားဖြစ်သည်။

မြေနီကုန်းရတနာပုံရုံတွင် ဒါရိုက်တာမောင်မျိုးမင်းရိုက်ကူး၍ ဒွေး၊မင်းဟိန်း၊ နန္ဒ၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်တို့ပါဝင်သော **နောက်မကျကြေး** အချစ်ဇာတ်မြူးဇာတ်ကား ရုံတင်ပြသနေသည်။

ရုံတင်ပြသနေသည့် "လက်တွဲဖော်" ဇာတ်ကားမှ ရာဇာနေဝင်းနှင့် ထက်ထက်မိုးဦး။

ဖယောင်းတိုင်

ရုံတင်ပြသနေသော "ဖယောင်းတိုင်" အဆင့်မြင့် ဗီဒီယိုဇာတ်ကားမှ မင်းမော်ကွန်း၊ ထွန်းထွန်းဝင်းနှင့် မို့မို့မြင့်အောင်။

တိုက်ခိုက်ပုံများကို အသားပေး ရိုက်ကူးထားသည်။

ယခုအပတ် ရွှေဂုန်ရုံတွင် Asoka အမည်ရှိ အာသောက အိန္ဒိယရာဇဝင်ဇာတ်ကား ရုံတင်ပြသနေသည်။ အာသောက

မင်္ဂလာရုံတွင် တင်ဆက်ပြသနေသည့် The Day After Tomorrow ဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း။

ရွှေဂုန်ရုံတွင်ပြသနေသော အာသောကဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

ဖယောင်းတိုင်မေတ္တာဘွဲ့ အဆင့်မြင့်ဗီဒီယို ရုံတင်ပြသ

ရန်ကုန် ဇန်နဝါရီ ၆

ယခုသောကြာပတ်တွင် လပ်ကီးပဲလေ့စ်ဗီဒီယိုမှ မြိတ်တင်အောင်၏ ဝတ္ထုကို ဒါရိုက်တာဝင်းထွန်းထွန်း ရိုက်ကူး၍ နေအောင်၊ မင်းမော်ကွန်း၊ မို့မို့မြင့်အောင်၊ ချစ်စနိုးဦး၊ ထွန်းထွန်းဝင်းတို့ သရုပ်ဆောင်ထားကြသည့် **ဖယောင်းတိုင်** အမည်ရှိ မေတ္တာဘွဲ့ အဆင့်မြင့် ဗီဒီယို ဇာတ်ကား နဝဒေး၊ ရွှေမန်း၊ စံပြ၊ သီတာ၊ မြရတနာရုံများ၌ ရုံတင်ပြသနေသည်။

(ကြေးမုံ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဘူးသီးတောင်မြို့နှင့် မောင်တောမြို့တို့၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေတို့နှင့်အတူ ဒီဇင်ဘာ ၂၂ ရက်တွင် ရန်ကုန်မြို့မှ မြန်မာ့လေကြောင်းပိုင် လေယာဉ်ဖြင့် ထွက်ခွာလာရာ နံနက်ပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စစ်တွေမြို့မှ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သိန်းထိုက်နှင့် ဗိုလ်ချုပ်အောင်သိမ်းတို့နှင့်အတူ ရဟတ်ယာဉ်ဖြင့် ထွက်ခွာကြရာ ဘူးသီးတောင်မြို့သို့ ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၃ရက်တွင် မော်တော်ယာဉ်များဖြင့် ဘူးသီးတောင်မြို့မှ ထွက်ခွာကြရာ နံနက် ၈နာရီခွဲတွင် ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြင်ရှည်ကျေးရွာ အုပ်စုရှိ ဂန္ဓမာစံပြကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာသူကျေးရွာသားများအား ဂန္ဓမာစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ရှေးဦးစွာ ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့၏ စီးပွားရေး၊လူမှုရေး၊ ကျန်းမာရေးနှင့် နေထိုင်စားသောက်မှု အခြေအနေများကို တင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်တို့က ကျေးရွာသူ၊ ကျေးရွာသားများအား စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများ တိုးတက်မွေးမြူစိုက်ပျိုးကြရန်နှင့် ကျေးရွာ တိုးတက်ရေးအတွက် ညီညီညွတ်ညွတ် လုပ်ကိုင်ဆောင်ရွက်ကြရန် မှာကြားသည်။

တက်ညီလက်ညီဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မိမိတို့အား လုပ်ပိုင်ခွင့်ပေးထားသော လယ်ယာမြေများ အကျိုးဖြစ်ထွန်းပြီး စပါးအထွက်တိုးရန် ကြိုးစားလုပ်ကိုင်၍ မိမိတို့၏ လူမျိုး၊ ဘာသာ၊သာသနာနှင့် ရိုးရာယဉ်ကျေးမှု အစဉ်အမြဲစောင့်ထိန်းသွားရန်လိုကြောင်း၊ ထို့အပြင် ကလေးသူငယ်များ ပညာရည်မြင့်မားရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် မိမိတို့၏ စံပြကျေးရွာကို ယခုထက်ပိုမိုဖွံ့ဖြိုး တိုးတက်အောင် ကျေးရွာနေကျေးရွာသူ၊ကျေးရွာသားများက တက်ညီလက်ညီဆောင်ရွက်ကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်တို့က ဂန္ဓမာစံပြ ကျေးရွာအတွင်းရှိအိမ်ထောင်စုများသို့ ထောက်ပံ့ငွေများကိုကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးလှမြင့်သို့ ပေးအပ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဂန္ဓမာ စံပြကျေးရွာအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ နံနက် ၁၀ နာရီခွဲတွင် မောင်တောမြို့ ဝေသာလီစံပြကျေးရွာသို့ရောက်ရှိပြီး ကျေးရွာသူ၊ကျေးရွာသားများအား ဝေသာလီစံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ တွေ့ဆုံသည်။ ရှေးဦးစွာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစံမောင်သင်းက ကျေးရွာ၏စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကိုဖြည့်ဆည်းပေးသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်တို့က ကျေးရွာသူ၊ ကျေးရွာသားများအား စိုက်ပျိုးရေး၊မွေးမြူရေး လုပ်ငန်းများ တိုးတက်မွေးမြူစိုက်ပျိုးကြရန်နှင့် ကျေးရွာ တိုးတက်ရေး ညီညီညွတ်ညွတ် ဆောင်ရွက်ကြရန် မှာကြားကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ချမှတ်ပြီး ကျေးလက်များဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးနေကြောင်း၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးမှာ ကျေးလက်နေပြည်သူများက လုံ့လဝီရိယရှိရှိ လုပ်ကိုင်ဆောင်ရွက်မှုအပေါ်တွင် မူတည်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို တက်ညီလက်ညီဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်တို့က ဝေသာလီစံပြကျေးရွာရှိ အိမ်ထောင်စုဝင်များသို့ ထောက်ပံ့ငွေများကို ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌဦးစံမောင်သင်းသို့ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကျေးရွာသူ၊ ကျေးရွာသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံဆွေးနွေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မောင်တောခရိုင်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမသို့ ရောက်ရှိကြပြီး မောင်တောခရိုင်အတွင်းရှိ ဘူးသီးတောင်မြို့နှင့် မောင်တောမြို့ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများနှင့် စပ်လျဉ်း၍ ပြည်နယ်၊ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ မောင်တောခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရန်မျိုးအောင်က ခရိုင်အတွင်းတိုင်းရင်းသားလူမျိုးစုများ နေထိုင်မှုအခြေအနေ၊ မိုးရွာသွန်းမှု အခြေအနေ၊ နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်မှု အခြေအနေ၊ ဒေသဝမ်းစာဖူလုံမှု အခြေအနေ၊ရေထွက်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ် တင်ပို့နိုင်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်က မြို့ရွာ သာယာရေး၊ ရေကောင်း ရေသန့်ရရှိရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်ပတ်သက်သည့်ကိစ္စများကို အောက်ခြေအဆင့်အထိဆင်း၍ဌာနပေါင်းစုံနှင့် ပူးပေါင်းဆောင်ရွက်ကြရေးမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ရဟတ်ယာဉ်ဖြင့်ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် စစ်တွေမြို့သို့ ရောက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဒီဇင်ဘာ ၂၄ရက် နံနက်ပိုင်းတွင် စစ်တွေတပ်နယ်မှ ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့် ဦးစီးအရာရှိများ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၉ နာရီတွင် စစ်တွေတပ်နယ်ခန်းမသို့ ရောက်ရှိကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် စစ်တွေတပ်နယ် ခန်းမ၌ စစ်တွေတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာ၌ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ရေး လုပ်ငန်းများဆောင်ရွက်ပြီး တပ်မိသားစုများ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ရေး၊တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး မွန်းလွဲပိုင်းတွင် မြန်မာ့လေကြောင်းပိုင် လေယာဉ်ဖြင့် ထွက်ခွာလာရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၆)ရပ်ကွက် ကမာရွတ်ဘူတာရုံလမ်း မိဘမဲ့ကလေးများနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး ပရဟိတ(ကျား)ကျောင်း ကျောင်းတိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တ ပဏ္ဍိတ(အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ပရဟိတဆရာတော်ကြီးထံ ပန်းဘဲတန်းမြို့နယ် ၂၈လမ်း အမှတ်(၁၃၁) ဈေးကွက်ဂျာနယ်မိသားစုက ဖေဖော်ဝါရီ ၁၄ ရက်တွင် ကျရောက်မည့် ဂျာနယ်ရှစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပရဟိတမိဘမဲ့ကလေးများအတွက် ထာဝရငွေပဒေသာပင် ကျပ် ၁၀၀၀၀၀ကို ဒီဇင်ဘာ ၁၄ရက်က လာရောက်လှူဒါန်းစဉ်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဆောက်လုပ်ရန် မော်လမြိုင်မြို့ မ-ထ-သရုံးချုပ် (ရုံးခန်း)၌ ဆရာတော် အရှင်ဆန္ဒာဓိက၏ ရှေ့မှောက်တွင် မော်လမြိုင်မြို့ မ-ထ-သ ကော်မတီဝင်များနှင့် ဝန်ထမ်းမိသားစုများ၊ အမှတ်(၅)လိုင်းပြေးဆွဲ ယာဉ်ပိုင်ရှင်၊ လုပ်သားများနှင့် ယာဉ်စီးခရီးသည်များက အလှူငွေ ကျပ်၂၉၀၀၀၀ကို ဦးရှိန်ဝင်း(ဥက္ကဋ္ဌ)နှင့် ဦးငွေးမြင့် (ဘဏ္ဍာရေးမှူး) သို့ ဒီဇင်ဘာ ၇ ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၄ခုနှစ် ပဲခူးတိုင်း(အနောက်ပိုင်း) အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၄ခုနှစ်ပဲခူးတိုင်း(အနောက်ပိုင်း) အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၃၀ ရက်တွင် ပြည်မြို့ မြို့နယ်ဘောလုံးကွင်း၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပညာရေးမှူးများနှင့် လက်ထောက်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆု ရရှိသည့်ဘောလုံး (ကျား)၊ဘော်လီဘော (ကျား၊မ)၊ ဘတ်စကက်ဘော (ကျား၊မ)၊ ကြက်တောင် (ကျား၊မ)၊ ပိုက်ကျော်ခြင်း (ကျား)၊ပြေးခုန်ပစ် (ကျား၊မ)နှင့် ကြံ့ခိုင်စွမ်းရည် (ကျား၊မ) အသင်းများအား တာဝန်ရှိသူများက ဆုများကိုချီးမြှင့်ကြသည်။

(သတင်းစဉ်)

ပဋ္ဌာန်းပွဲနှင့်တရားပွဲများ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက်၊ ဘုမ္မာအနောက်ပိုင်းဆိုင်ရာ သာသနာ့လင်းရောင် ခြည်ဓမ္မာရုံ(၁၆) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပပြီး ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ဘဒ္ဒန္တဝိစ္ဆာသိဒ္ဓိက၊ ဇန်နဝါရီ၉ ရက်တွင် မိုးကုတ်ဆရာတော် ဘဒ္ဒန္တဓမ္မသာရတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ညစဉ် ၇ နာရီခွဲတွင် ဟောကြားမည် ဖြစ်သည်။ (က-ပ)

မိုးကုတ်ဝိပဿနာတရားစခန်း

ရန်ကုန် ဇန်နဝါရီ ၆

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၂) ရပ်ကွက် သာသနာသာစည် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၃၉၉)တွင် မိုးကုတ်ဝိပဿနာအဖွဲ့ နယ်လှည့်ဓမ္မကထိက ဦးဝိဓေယျ(အစိုးရဓမ္မာစရိယ)က ဇန်နဝါရီ၁၀ ရက်မှ ၁၆ ရက် အထိ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတို့ကို ဟောပြောပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဇန်နဝါရီ၉ရက် ညနေအရောက်လာကြရန်နှင့် ဆွမ်း၊ရေမီးလှူဒါန်းလိုသူများ ဖုန်း-၅၈၀၀၇၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကွင်းဆင်းဖြည့်ဆည်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအထောက်အကူပြုလုပ်ငန်းတစ်ရပ်ဖြစ်သည့် သစ်တောစိုက်ခင်း တည်ထောင်ခြင်းလုပ်ငန်းများကို သစ်တောဦးစီးဌာနဦးစီးရုံးချုပ်မှညွှန်ကြားရေးမှူး(စီမံ) ဦးမြင့်စိန်နှင့် ရန်ကုန်တိုင်းသစ်တောဦးစီးဌာနမှ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၅ရက်မှ ၂၆ရက်အထိကွင်းဆင်းစစ်ဆေးပြီးလိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ (က-ပ)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား(၁)ရပ်ကွက် အောင်ဇေယျလမ်း အမှတ် ၂၇(ဘီ)နေ ကွယ်လွန်သူ ဦးမောင်မောင်ကြီး(အငြိမ်းစား၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ)အား ရည်စူး၍ ဒေါ်ခင်မေနှင့် သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဓမ္မရောင်ခြည်ဓမ္မဒါန

ရန်ကုန် ဇန်နဝါရီ ၆

မြတ်ဗုဒ္ဓ၏ တရားတော်များကို အခြေခံမှ ဝိပဿနာတရားအားထုတ်နည်းအထိ နားလည်သိရှိလိုသူ၊ လေ့လာလိုသူများအတွက် တရားခွေနှင့်တရားစာအုပ်များကို လွယ်ကူစွာ ရရှိနိုင်ရန်ရည်ရွယ်၍ ဓမ္မရောင်ခြည် ဓမ္မဒါနလုပ်ငန်း၏ လုပ်ငန်းခွဲများကို စစ်ကိုင်းကျောင်းပရိယတ္တိစာသင်တိုက်(တောင်) ဗိုလ်ချုပ်လမ်း မုပ္ပန်ရပ် မော်လမြိုင်မြို့၊ သာသနာရာမိကကျောင်းတိုက် အမှတ်(၉၀) မင်းလမ်း ဆရာစံတောင်(စံပြ) ရပ်ကွက် ဗဟန်းမြို့နယ်၊ အမှတ်(၁၇၉) မြရည်ပုလဲလမ်း ပိတောက်ရွှေဝါရပ်ကွက် ကော့သောင်းမြို့၊ မြဟ္မစိုရ်ဓမ္မာရုံ သုနန္ဒာလမ်းမကြီး (၄)ရပ်ကွက် ကရဏာပိုင်း မြောက်ဥက္ကလာပမြို့နယ်၊ ရွှေမုဋ္ဌောစေတီတော် ဂေါပကအဖွဲ့ရုံး ပုသိမ်မြို့၊ ဦးကျော်မြင့်-ဒေါ်နီနီအေး လျှပ်စစ်ပစ္စည်း စတိုးဆိုင် မြို့မဈေးတောင်ဘက် အထက်မင်းလှမြို့၊ အမှတ်(၁၈၇) နဝဒေးလမ်း လမုတန်းရပ်ကွက် ဒေါပုံမြို့နယ် ဖုန်း-၇၂၂၁၅၈ တို့၌ ဖွင့်လှစ်ထားရာ မည်သူမဆို အခမဲ့ ငှားရမ်းနိုင်ရန် ဓမ္မဒါနပြုထားကြောင်း သိရသည်။ (က-ပ)

သံဃမဟာနာယက အဖွဲ့ဝင်ဆရာတော်ကြီးများ သံဝေဇနီယ လေးဌာနသို့ ကြွရောက်ဖူးမြော်

ရန်ကုန် ဇန်နဝါရီ ၆

အိန္ဒိယသမ္မတနိုင်ငံနှင့် နီပေါနိုင်ငံတို့ရှိ မြတ်ဗုဒ္ဓ၏သံဝေဂယူဖွယ်ရာ သံဝေဇနီယ လေးဌာနသို့ ဘုရားဖူးမြော်ရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ ဆရာတော်ကြီး ဦးဆောင်သော နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများသည် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၅ ရက် မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် ရခိုင်ပြည်နယ် စစ်တွေလေဆိပ်မှ မြန်မာ့လေကြောင်း အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ အိန္ဒိယသမ္မတနိုင်ငံ ဘီဟာပြည်နယ် လေဆိပ်သို့ ဒေသစံတော်ချိန် ၂နာရီတွင် ရောက်ရှိတော်မူကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား ဗုဒ္ဓဂယာမြန်မာကျောင်း ဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ၊ မိဂဒါဝုန်ဆရာတော် ဘဒ္ဒန္တဝဏ္ဏာဓဇနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ စစ်သံမှူး ဗိုလ်မှူးချုပ်ကျော်ကျော်နှင့် ဇနီး ဒေါ်သီတာညွန့် ဦးဆောင်သော သံရုံးဝန်ထမ်းများ၊ ဒါယကာ၊ ဒါယိကာမများကလေဆိပ်မှ ဂါရဝပြု ကြိုဆိုဖူးမြော်ကြပြီး ခေတ္တတည်းခိုမည့် မြန်မာဘုန်းတော်ကြီးကျောင်းသို့ မော်တော်ယာဉ်ဖြင့် ကြွရောက်တော်မူကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ *

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ စတုတ္ထနေ့ပြသ

ရန်ကုန် ဇန်နဝါရီ ၆

(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲကို စတုတ္ထနေ့အဖြစ် ယနေ့နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက်ဖွင့်လှစ် ပြသလျက်ရှိသည်။

စတုတ္ထနေ့ပြပွဲသို့ လူမှုရေးအသင်း အဖွဲ့များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အသီးသီးမှ အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ရဟန်းရှင်လူ ပြည်သူ ၃၉၄၉ဦးတို့ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း ဆွေးနွေးမှာကြား

ရန်ကုန် ဇန်နဝါရီ ၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့်အတူ ဒီဇင်ဘာ ၃၀ရက် ညနေ ၆နာရီတွင် ကျောက်ပန်းတောင်းမြို့နယ် လှိုင်သာ ကျေးရွာသို့ ရောက်ရှိပြီး ရွာဦးကျောင်း၌ ဆန္ဒတော်ပြည့်ဆရာတော် ဘဒ္ဒန္တနန္ဒိယ၊ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တတေဇာနန္ဒနှင့် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် ရွာဦးကျောင်း၌ ရပ်မိ ရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်စေရန် ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျရာအခန်းကဏ္ဍ၌ ပါဝင်ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးသည် ရွာဦးကျောင်းအတွက် အလှူငွေကျပ်တစ်သိန်း၊ လှိုင်သာကျေးရွာ မူလတန်းလွန်ကျောင်းအတွက် ငွေကျပ်တစ်သိန်းခွဲတို့ကို ပေးအပ်လှူဒါန်းသည်။

ဒီဇင်ဘာ ၃၁ရက် နံနက် ၇နာရီခွဲတွင် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းသည် မြင်းခြံခရိုင် တလိုင်းရပ် ရွာသစ်ကျေးရွာအုပ်စု၊ မုံရိုးကျေးရွာ အောင်ဇမ္ဗူစေတီတော် ရွှေထီးတော်နှင့် စိန်ဖူးတော်တင်လှူပွဲ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ●

ဖူးမြော်ကြည်ညို

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ဗုဒ္ဓဂယာ မဟာ ဗောဓိစေတီတော်အား ဖူးမြော်ကြည်ညိုကြစဉ်။

(သတင်းစဉ်)

ကျေးရွာဗီဇဓာတ်ငွေ့သုံး ဓာတ်အားပေးစက် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် လွန်တောင်းကျေးရွာ ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၄ရက်တွင် အဆိုပါကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးသောင်းမြင့်က ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးဂျန်နှင့် ကျေးရွာ မီးလင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်လွင်တို့က ဓာတ်အားပေးစက်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မန္တလေးတိုင်း တောင်သာမြို့နယ် လက်သဲကျင်ကျေးရွာ ပြည်သူများနှင့် တွေ့ဆုံ အမှာစကား ပြောကြားစဉ်။ (စက်မှု-၁)

ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထွန်းကားရေးဦးတည် တိုင်းရင်းသားအားလုံး တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်
(ခေါင်းကြီး) စာမျက်နှာ (၂)

သဘာဝဓာတ်ငွေ့သုံး အင်ဂျင်များ၏ သက်တမ်းသည် ဓာတ်ဆီ၊ ဒီဇယ်ဆီသုံး အင်ဂျင်များ၏ သက်တမ်းထက်နှစ်ဆမှသုံးဆထိ ကြာရှည်ပါကြောင်း။
ဆွေသန့်ကို၏ ***"သဘာဝဓာတ်ငွေ့သုံးယာဉ်များ တွင်ကျယ်လာတော့မည်"***
(ဆောင်းပါး) စာမျက်နှာ (၆)